မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၃၉)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ မြန်မာနိုင်ငံ၌ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများ ပြုလုပ်လျက်ရှိကြောင်း၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကိုလည်း ယှဉ်တွဲဆောင်ရွက်မှသာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည် အောင်မြင်မည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံသည် ကမ္ဘာ့စီးပွားရေး ဦးဆောင်နိုင်ငံဖြစ်သကဲ့သို့ သိပ္ပံနှင့် နည်းပညာကောင်းမွန်သော နိုင်ငံဖြစ်ကြောင်း၊ ဤပြောင်းလဲမှုများတွင် ဂျာမနီနိုင်ငံအနေဖြင့် မှန်ကန်သင့်လျော်သော နည်းလမ်းများဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်စေလိုကြောင်းနှင့် နှစ်နိုင်ငံလွှတ်တော်များ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဂျာမနီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအား ကြိုဆိုဂုဏ်ပြုပါကြောင်းနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင်လည်း ပါဝင်ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ဂျာမနီနိုင်ငံရှိ စီးပွားရေးလုပ်ကိုင်သူများသည် အစိုးရမှ ပါဝင်မှုမရှိဘဲ သီးခြားလွတ်လပ်စွာ ဆောင်ရွက်နေသူများဖြစ်ကြောင်း၊ စီးပွားရေးလုပ်ကိုင်သူများအား အစိုးရက ကူညီပေးမှုများသာ ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုရာ၌ ယုံကြည်စိတ်ချရ၍ လုံခြုံမှုရှိသော ရင်းနှီးမြှုပ်နှံမှုဥပဒေများရှိရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံဆောင်ရွက်လုပ်ကိုင်သူများအား မလိုလားအပ်သော ဝင်ရောက်စွက်ဖက်မှုများ မဖြစ်ပေါ်စေနိုင်သည့် ဥပဒေများရှိရန်လည်းလိုကြောင်း၊ ထိုဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများရှိလာချိန်တွင် ဂျာမနီနိုင်ငံမှ စီးပွားရေးလုပ်ဆောင်လိုသူများသည် အလတ်စားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၌ အဓိကထား ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ဆန္ဒရှိနေကြပါကြောင်း။

ဂျာမနီနိုင်ငံရှိ ဥပဒေများ၌ တရားဥပဒေစိုးမိုးရေး(Rule of Law)၊ ဈေးကွက်စီးပွားရေး(Market Economy)၊ လူ့အခွင့်အရေး(Human Right)တို့အား အလေးအနက်ထားဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်များမှ ပြဋ္ဌာန်းပေးလေ့ရှိကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အမြဲထာဝရ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ်ဟု ရှုမြင်သုံးသပ်ဆောင်ရွက်လျက်ရှိ၍ အချိန်အခါအလိုက် သင့်လျော်ကောင်းမွန်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်ဟု ဆိုနိုင်ကြောင်း။

ပြည်သူများ၏ အခွင့်အာဏာများကို ပြည်သူ့ကိုယ်စားလှယ်များမှ လွှတ်တော်သို့ သယ်ဆောင်လာကာ လွှတ်တော်မှ အစိုးရအဖွဲ့ကို ရွေးချယ်တာဝန်ပေးပြီး ပြည်သူ့လိုလားချက်ဆန္ဒများကို အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီလုပ်ငန်းစဉ် ရှင်သန်ထက်မြက်နေခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံ လွှတ်တော်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုပြုပြီး မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံ ပြည်သူများ ***စာမျက်နှာ ၈ ကော်လံ ၃ ✻***

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်းအား

ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျာမနီ နှစ်နိုင်ငံ လွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များ၊ နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်နေမှုများနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်နေမှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကော်မရှင်နှင့် ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian-Ludwig Weber-Lortsch တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၃၁ ရက်)

မိုဘိုင်းလ်ဖုန်းတစ်လုံး ဘယ်လိုသုံးမလဲ

အရွယ်ရောက်သူ လူတစ်ဦးတစ်ယောက်အတွက် မိုဘိုင်းလ်ဖုန်းတစ်လုံးလောက်တော့ ရှိထားသင့်ပါသည်။ အထူးသဖြင့် စီးပွားရေးဝန်းကျင်တွင် ကျင်လည်ကြသူများ၊ လူအများနှင့် ဆက်ဆံလုပ်ကိုင်နေကြရသူများတွင် မိုဘိုင်းလ်ဖုန်း ရှိထားသင့်၏။ မိုဘိုင်းလ်ဖုန်းသည် ကိုယ်က သူများထံ ဆက်သွယ်လိုသည်ဖြစ်စေ၊ အများက ကိုယ့်ထံဆက်သွယ်လိုသည်ဖြစ်စေ အလွန်အသုံးတည့်လှသည့် ဆက်သွယ်ရေးကိရိယာတစ်ခုပင်ဖြစ်၏။

လွန်ခဲ့သောနှစ်များက မိုဘိုင်းလ်ဖုန်းကို အလွန်ဈေးကြီးလွန်းလှသဖြင့် လူနည်းစုလောက်သာ ကိုင်နိုင်ကြသည်။ ယနေ့ခေတ်တွင် နိုင်ငံတော်၏စေတနာကြောင့် ငွေကျပ်နှစ်သိန်းရှိလျှင် မည်သူမဆို ဖုန်းဝယ်နိုင်ကြပြီ။ လူအများစု ဖုန်းကိုင်နိုင်သောခေတ်သို့ ရောက်ပြီ။

သို့သော် မိုဘိုင်းလ်ဖုန်းသည် ဝယ်နိုင်ရုံ၊ ကိုင်နိုင်ရုံနှင့် မပြီး။ အသုံးပြုတတ်ဖို့လည်း လိုသေးသည်။ မိုဘိုင်းလ်ဖုန်းကို စာတတ်ပြီဆိုရုံနှင့် အသုံးပြုတတ်ပြီဟု မဆိုနိုင်။ မိုဘိုင်းလ်ဖုန်းသည် လူမှုကွန်ရက်ပစ္စည်းဖြစ်သည့်အတွက် လူမှုကွန်ရက်အတွင်း တွင်ကျယ်စွာချိတ်ဆက်အသုံးပြုနိုင်မှသာလျှင် မိုဘိုင်းလ်ဖုန်းကို အသုံးပြုတတ်သည်ဟု ဆိုနိုင်ပေလိမ့်မည်။ တကယ်တော့ မိုဘိုင်းလ်ဖုန်းသည် ကစားစရာပစ္စည်းတစ်ခုမဟုတ်သလို ကြွားစရာပစ္စည်းတစ်ခုလည်းမဟုတ်သည်ကို မိုဘိုင်းလ်ဖုန်းသုံးစွဲသူများ သတိပြုသင့်ပေသည်။

မိုဘိုင်းလ်ဖုန်းကို ခါးတွင်ချိတ်ဆွဲပြီး လမ်းလျှောက်သွားလိုက်သည်ဆိုရင်ပဲ မိမိသည်လည်း လူမှုကွန်ရက်ကြီးအတွင်း ရောက်ရှိသွားပြီဆိုသည်ကို သတိမူသင့်ပေသည်။ မိုဘိုင်းလ်ဖုန်းသည် လူမှုကွန်ရက်ကြားခံပစ္စည်းဖြစ်၍ မိမိသည်လည်း ကွန်ရက်ထဲက လူသားတစ်ဦးပင်ဖြစ်တော့၏။ ထိုလူမှုကွန်ရက်အတွင်း၌ ဆက်သွယ်စရာနေရာများ၊ ဆက်သွယ်စရာအကြောင်းကိစ္စများ မြောက်မြားစွာရှိပေသည်။ ဤသည်တို့နှင့် မိမိသည်လည်း ချိတ်ဆက်နေမိရန် အရေးကြီးပေသည်။

မိုဘိုင်းလ်ဖုန်းသုံးစွဲသူတစ်ဦးအနေဖြင့် ဖုန်းနံပါတ်များမှတ်သားရန် စာအုပ်ငယ်တစ်အုပ်၊ ဘောလ်ပင်တစ်ချောင်း၊ မိမိ၏အမည်၊ ဖုန်းနံပါတ်ပါသောလိပ်စာကတ်တို့ကို အမြဲမပြတ် ဆောင်ထားသင့်ပေသည်။ ထို့အပြင် ဆေးရုံ၊ ရဲစခန်း၊ မီးသတ် စသော အရေးကြီးဌာနများ၊ အရေးကြီးပုဂ္ဂိုလ်များ၏ ဖုန်းနံပါတ်များကိုလည်း မိမိ၏ဟမ်းဖုန်းအတွင်း အချိန်မရွေး ဆက်သွယ်နိုင်ရန် ထည့်ထားသင့်ပေသည်။ မိုဘိုင်းလ်ဖုန်းရှိထားသူတစ်ဦးအနေဖြင့် လူအများနှင့် များများဆက်ဆံပေးပါ။ များများပြောဆိုပေးပါ။ အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသော အသိုင်းအဝိုင်းများနှင့် များများဆက်ဆံပြောဆိုပေးပါ။ မိမိ၏ လိပ်စာကတ်များ၊ ဖုန်းနံပါတ်တို့ကို သူများကိုပေးနိုင်အောင် ကြိုးစားပါ။ သူများထံမှလည်း လိပ်စာကတ်နှင့် ဖုန်းနံပါတ်များကို ရအောင်တောင်းပါ။ ပြီးလျှင် ဖုန်းဖြင့် အပြန်အလှန်ဆက်သွယ်ပါဟူ၍ အကြံပြုချင်ပါသည်။

သို့မှသာ မိုဘိုင်းလ်ဖုန်းကိုင်ဆောင်ထားရခြင်း၏ အကျိုးကျေးဇူးရနိုင်ပါမည်။ ဖုန်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ စီးပွားရေးစသော အခွင့်အလမ်းများ ဆက်သွယ်သိရှိပြီး အကျိုးများနိုင်မည်ဖြစ်ပါသည်။ ထိုသို့မဟုတ်ပါမူ အမြဲတမ်း ခါးမှာချိတ်ထား၍ ချိတ်ဖုန်း၊ အမြဲတမ်း အိတ်ထဲမှာထည့်ထား၍ အိတ်ဖုန်းမျှသာ ဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် မိုဘိုင်းလ်ဖုန်းများကို စနစ်တကျ အသုံးချတတ်လျှင် အကျိုးကျေးဇူးများနိုင်ကြောင်းကို အကြံပြုရေးသားလိုက်ရပါသည်။ ။

မေ ၁၇ ရက်က ကျင်းပသော ဒဂုံမြို့နယ် တော်ဝင်စင်တာရှိ Orange Super Market ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်ကလေးဆေးရုံကြီးသို့ အောက်ဆီဂျင်စက်တစ်စုံကို Creation (Myanmar) Co., Ltd. မှ Chief Audit ဒေါ်ခင်စုစုထွတ်က ပေးအပ်လှူဒါန်းရာ ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့် ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာစောဝင်းတို့ လက်ခံယူစဉ်။ (၁၆၈)

ဆိုင်ကယ်မောင်းနှင်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မော်လမြိုင်မြို့၌ သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၃၀

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် မွန်ပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သော ဆိုင်ကယ်မောင်းနှင်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၂) ဆင်းပွဲအခမ်းအနားကို မေ ၂၇ ရက်တွင် မော်လမြိုင်မြို့နယ်ရှိ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေသခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သံဒိုင်၊ ယာဉ်ထိန်းတပ်ဖွဲ့မှ သင်တန်းဆရာ၊ မော်တော်ယာဉ်မောင်းနှင်သူနှင့် ဆိုင်ကယ်မောင်းနှင်သူများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်။

သင်တန်းတွင် မွန်ပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲအုပ်အောင်နိုင် ဦးစီးသော တပ်ဖွဲ့ဝင်များက စည်းကမ်းလိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်မတော်တဆမှု လျော့နည်းစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ယာဉ်တိုက်မှုဖြစ်စဉ် လိုက်နာရမည့်စည်းကမ်းချက်များ၊ ယာဉ်မောင်းနှင်စဉ် ဦးစားပေးရမည့် အချက်များနှင့် မမောင်းနှင်မီ စစ်ဆေးရမည့်အချက်များ၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများအကြောင်းနှင့် ရောင်ပြန်အသုံးပြုခြင်းများကို သင်ကြား ပို့ချပေးခဲ့ကြသည်။

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီနှင့် မွန်ပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့တို့၏ ကြီးကြပ်စီစဉ်မှုဖြင့် တပ်ရင်းတပ်ဖွဲ့ရှိ ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိနားလည်စေရေးနှင့် တိကျစွာလိုက်နာမှုရှိစေရေးတို့ကို အသိပညာပေးဟောပြောပွဲများ ဆက်လက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပြည်သာမြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

ရန်ကုန် မေ ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက အထက(၁)ကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးမောင် **(အောက်ပုံ)**က မှုခင်းကျဆင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးစံမြင့်က မုဒိမ်းမှုလျော့နည်းကျဆင်းရေးနှင့် စပ်လျဉ်း၍ ဥပဒေရေးရာများကိုလည်းကောင်း၊ မြို့နယ်ရဲစခန်းမှူး ရဲအုပ်မြင့်စိုးအောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့်အသိပညာပေးဆိုင်ရာများကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (၁၆၆)

ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

မော်လမြိုင်ကျွန်း မေ ၃၀

မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၅ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မိဘ၊ အုပ်ထိန်းသူများက ကျောင်းသား ကျောင်းသူများကို လာရောက်ကျောင်းအပ်နှံကြရာ ကျောင်းအုပ်ကြီးဦးစန်းမြင့်နှင့် ဆရာ ဆရာမများက ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၆၅)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ပုလဲသွယ် တောင်သူပညာပေး စံကွက်ရိတ်သိမ်း

တောင်ငူ မေ ၃၀

တောင်ငူမြို့နယ် မိုးကောင်းအုပ်စု တောင်သူ ဦးမြသန်း၏ လယ်မြေရှိ ပုလဲသွယ် ၃၅ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသော တောင်သူပညာပေး ၁၀ ဧက စိုက်ခင်းစံကွက် ရိတ်သိမ်းခြင်းကို မေ ၂၀ ရက် နံနက် ၇ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအေးကိုကိုနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များ၊ ဆန်စပါးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ကုမ္ပဏီများနှင့် အရောင်းဆိုင်ရှင်များ၊ ဒေသခံတောင်သူများ တက်ရောက်လေ့လာကြသည်။ စံကွက်ရိတ်သိမ်းပွဲတွင် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ကောင်း၊ သင့်၊ ညံ့ ဧကကွက်များ ရိတ်သိမ်းရာ အစိုချိန် အထွက်နှုန်း ကောင်းအကွက်မှ တစ်ဧက တင်း ၁၂၀၊ သင့်အကွက်မှ ၁၂၇ ဒသမ ၅၀ တင်းနှင့် ညံ့အကွက်မှ ၁၈၂ တင်း အသီးသီးရရှိကြပြီး တက်ရောက်လာသူများအား ပုလဲသွယ်စပ်မျိုးစပါး တိုးချဲ့စိုက်ပျိုးရေးကို တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ပညာပေးစည်းရုံး ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (စိုက်ပျိုးရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၄၀	**မြတ်ဗုဒ္ဓ၏ဝါဒနှင့် ချီးမွမ်းခြင်း (၂)မျိုး** တရားတော် (ဆရာတော်အရှင်ဥတ္တမ)
၁၀:၃၅	Mount Elizabath Hospital
၂:၂၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ရက်(ပ်)ပါရွှေရိုး**
၇:၂၀	Style ရှိမှ Star ဖြစ်မယ်
၈:၀၀	MRTV-4 သတင်း
၈:၅၀	အနုပညာမိုးကောင်းကင်
၁၂:၁၅	လူငယ်နှင့်ဆေးလိပ်အန္တရာယ်
၁:၄၅	လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်…
၁:၅၅	ကလေးတို့အတွက်လမ်းညွှန် (Monunent)
၂:၁၅	ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့ ဒေါက်တာခင်မောင်လွင်၊ (ဒေါက်တာအောင်ထွန်း)
၄:၁၀	လှမ်းလာခဲ့ပါ… နောင်အင်းလေးကကြိုနေမှာ
၄:၃၀	ထာဝရအမှတ်ရစရာ ရေပြားပုံရိပ်လွှာ
၄:၅၀	ဖူးစို့ဘုရားစုံမြို့ဖျာပုံ

မြဝတီရုပ်မြင်သံကြား

၃၁-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၅	တရားတော်
၇:၂၀	ဓမ္မပူဇာတေး
၇:၃၅	မျိုးချစ်တပ်မတော်
၈:၁၅	ဇာတ်လမ်းတို

ညပိုင်း

၄:၄၀	မွေးမြူသုတ
၄:၅၅	ရန်သူမီး
၅:၀၀	သာယာသီကြွေးခေတ်ဆန်းတေး
၅:၁၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမေ့အပြုံး** (အပိုင်း-၈)
၆:၀၀	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်နီမိတ်နှင့် သက်ကယ်ဓား** (အပိုင်း-၄)
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
-	နိုင်ငံတကာသတင်း
-	မိုးလေဝသသတင်း
-	ကုန်သွယ်သုတ
-	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နေမင်းကဲ့သို့ ထွန်းလင်းသော** (အပိုင်း-၃)
-	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒ္ဒယနှောင်ကြိုး** (အပိုင်း-၃၃)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဗြိတိန်နိုင်ငံမှဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဗြိတိန်နိုင်ငံအခြေစိုက် General Healthcare အဖွဲ့မှ President & CEO, Mr. John Dineen ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ခေတ်မီစက်ကိရိယာများနှင့် ရောဂါရှာဖွေကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်ကိစ္စရပ်များ၊ နည်းပညာရပ်ဆိုင်ရာလေ့ကျင့်သင်တန်းပေးမှုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ၊ ဇီဝဆေးပညာဆိုင်ရာ အင်ဂျင်နီယာများအား လေ့ကျင့်သင်တန်းပေးခြင်းဖြင့် သက်ဆိုင်ရာဘာသာရပ်များတွင် အရည်အသွေးမြှင့်တင်နိုင်ရေးဆောင်ရွက်ပေးရန်ကိစ္စရပ်များ၊ မိခင်မွေးကင်းစနှင့် ကလေးသေဆုံးမှုနှုန်း ပိုမိုလျော့ချနိုင်ရေးအတွက် ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ ပံ့ပိုးပေးမည့်ကိစ္စရပ်များ၊ သားဖွားဆရာမနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာမင်းသန်းညွှန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်အား (DFID) မှ ဧည့်သည် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်အား UK's Department For International Development's (DFID)မှ Director General Ms. Joy Hutcheon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံကော်မတီ အဆောင် အမှတ် (၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး ဦးမောင်တိုး၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီဥက္ကဋ္ဌက ကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းပြောကြားကာ ဗြိတိန်နိုင်ငံမှ ပေးအပ်နိုင်မည့် အကူအညီများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဦးမျိုးမြင့်သန်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မေ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးမျိုးမြင့်သန်းအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃၁-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
- ၇:၃၀ နံနက်ခင်းသတင်း
- ၇:၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ

ညပိုင်း

- ၄:၄၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာမှုပညာ)
- ၅:၀၀ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ**
- ၅:၀၅ **လူငယ်နှင့်ဆေးလိပ်အန္တရာယ်**
- ၆:၀၀ ညနေခင်းသတင်း
- ၆:၁၅ မိုးလေဝသအခြေအနေ
- ၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆ-ဆရာရှိသေပါ** (အပိုင်း-၉)
- ၈:၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
  - အစာလည်းဆေး ဆေးလည်းအစာ

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးနိုင်ငွေသိမ်း ပါ (၁၅) ဦးတို့က လျှောက်ထားသည့် မွန်ဒီမိုကရေစီပါတီ တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ် မေလ ၃၀ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော့မှူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အခြေခံပညာကျောင်းများမှ ကူညီထောက်ပံ့ရန် လိုအပ်သော ကျောင်းသားကျောင်းသူများအတွက် အလှူငွေပေးအပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်း ၁၅၀ အတွက် ကျောင်းသုံးဝေယျာဝစ္စပစ္စည်းများ လှူဒါန်းခြင်းနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကော့မှူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အမျိုးသားလွှတ်တော်ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။ ယင်းနောက် ကော့မှူးမြို့နယ် ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းများအတွက် ဒေါက်တာခင်ရွှေက ငွေကျပ် ၅၀၀၄၀၀၀ **(အပေါ်ပုံ)**၊ မြရိပ်ညိုပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးဇေသီဟနှင့်ဇနီး ဒေါ်နန္ဒာလှိုင်တို့က ငွေကျပ် ငါးသိန်းအပါအဝင် အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ပေးအပ်

ဆက်လက်၍ ဒေါက်တာခင်ရွှေက ကော့မှူးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၅၀ အတွက် ကျောင်းသုံးဝေယျာဝစ္စပစ္စည်း အမျိုးအစား ကိုးမျိုးနှင့် မြို့နယ်အတွင်းရှိ ကျောင်းအုပ်ဆရာဆရာမကြီး၊ ဆရာ ဆရာမများအတွက် တစ်ဦးလျှင် ဝတ်စုံနှစ်စုံစီကို ပေးအပ်သည်။

ထို့နောက် မြရိပ်ညိုပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးဇေသီဟက ကော့မှူးမြို့နယ် လာဝတီကျေးရွာတွင် ဧပြီ ၂၄ ရက်မှ မေ ၃၀ ရက်အထိ ဖွင့်လှစ် ခဲ့သော Summer School for Basic English Grammar and Conversation သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျောက်မဲ၌ ကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းစည်းဝေး

ကျောက်မဲ မေ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို မေ ၂၉ ရက်က ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးခင်မောင်လေးက အမှာစကားပြောကြားပြီး မြို့နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၀၉-၂၀၁၀ နှင့် ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာနှင့် ပတ်သက်၍ အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဦးက ရှင်းလင်းတင်ပြသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် မြို့နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၁၁-၂၀၁၂နှင့်၂၀၁၂-၂၀၁၃ နှစ်နှစ်တာကာလအတွက် အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၇ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပခုက္ကူမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ပခုက္ကူ မေ ၃၀

ပခုက္ကူမြို့နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့နှင့် စာအုပ်၊ စာရေးကိရိယာများ လှူဒါန်းပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အထက(၁) ပညာရတနာခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။

ယင်းနောက် စာအုပ်၊ စာရေးကိရိယာများလှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး**(အပေါ်ပုံ)**က ငွေကျပ်ငါးသောင်း၊ မြို့နယ် အုပ်ချုပ်ရေးမှူးက ငွေကျပ်ငါးသောင်း၊ အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ငါးသောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ငွေကျပ်ငါးသောင်း၊ ပညာရေးကောလိပ်က ငွေကျပ် နှစ်သောင်း၊ ဆေးရုံအုပ်ကြီးက ငွေကျပ်နှစ်သောင်း၊ မြို့နယ်စည်ပင်က ဗလာစာအုပ် ၁၀ ဒါဇင်၊ မြို့နယ်လဝကက ငွေကျပ်နှစ်သောင်း၊ ရေနံသိုလှောင်ရုံက ငွေကျပ်ငါးသောင်း၊ ခရိုင်သစ်ထုတ်လုပ်ရေးက ငွေကျပ်နှစ်သောင်းနှင့် ပညာရေးဝန်ကြီးဌာနက မူလတန်းဆင့်အတွက် ငွေကျပ်၂၈၃၀၀၀၀၀ တန် စာအုပ် ဒါဇင် ၁၄၀၅၀ တို့ကို ပေးအပ်လှူဒါန်းကြသဖြင့် ခရိုင်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(၁၀၂)**

အားကစားသမားများအား ထောက်ပံ့ငွေပေးအပ်

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၄)ခရိုင် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇွန် ၈ ရက်မှ ၂၄ရက်အထိ တောင်ဥက္ကလာပ ပဒေသာအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ မေ ၃၀ ရက်က လှိုင်သာယာ အားကစားကွင်း၌ စခန်းသွင်းလေ့ကျင့်နေသော မြောက်ပိုင်းခရိုင် အမျိုးသမီးဘောလုံးအသင်း အောင်မြင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သောင်းမြက အသင်းနှစ်သင်းအတွက် ဝတ်စုံစရိတ်ငွေကျပ် ၆၉၈၀၀၀နှင့် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက အားဖြည့်စရိတ်ငွေကျပ် ၄၃၇၀၀၀ ကိုလည်းကောင်း၊ မြောက်ပိုင်းခရိုင်အတွင်းရှိ ရှစ်မြို့နယ် အမျိုးသမီးရေးရာ ဥက္ကဋ္ဌများက အားဖြည့်အစားအစာများနှင့်ဒဏ်ကြေဆေးဝါးများကိုလည်းကောင်း ကူညီထောက်ပံ့ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ရောင်းချပေး

၂၀၁၂ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ဂုဏ်ပြုသောအားဖြင့် မေ ၂၅ ရက်က သာကေတမြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် အခြေခံ ရောင်းဝယ်ရေးသမဝါယမများက အသင်းသားအသင်းသူများနှင့် လုပ်သားပြည်သူများကို ပင်လယ်ငါးများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးစဉ်။

(မြန်မာ့အလင်း)

▲ *ကျော်ဖုံးမှ*

သုံးလအတွင်း ရုပ်မြင်သံကြားဇာတ်လမ်းတွဲသစ်တစ်ကား ရိုက်ကူးရန် စီစဉ်ထားသည်။ ယခု Big အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် ရုပ်ရှင်မင်းသမီး လီမင်ဂျန်ကလည်း မီဒီယာတွေ့ဆုံပွဲ၌ ယခု ဇာတ်ကားအတွက် ကြိုတင်ရင်ခုန်လျက်ရှိပြီး အစွမ်းကုန်ကြိုးစားထားသည်ဟု ပြောကြားသည်။

Big အမည်ရှိ ဒရာမာရုပ်မြင်သံကြားဇာတ်လမ်းတွဲကို တောင်ကိုရီးယားနိုင်ငံတစ်ဝန်း၌ လာမည့် ဇွန် ၄ ရက်မှစတင်ကာ ကေဘီအက်စ်ရုပ်မြင်သံကြားလိုင်းမှ သီတင်းအပတ်စဉ် တနင်္လာနှင့် အင်္ဂါနေ့တိုင်း ည ၉ နာရီ ၅၅ မိနစ်မှ စတင်ကာ ထုတ်လွှင့်မည် ဖြစ်သည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် – စုစည်းသည်

ရှားပါးသော ပန်းရောင်စိန်ပွင့်တစ်ပွင့် ဟောင်ကောင်၌ ပေါင် ၂၉ သန်းရရှိခဲ့

ဟောင်ကောင် မေ ၃၀

အလွန်ရှားပါးသော ပန်းရောင်စိန်ပွင့်ကြီးတစ်ပွင့်ကို တရုတ်နိုင်ငံ ဟောင်ကောင်၌ မေ ၂၉ ရက်က လေလံတင်ရောင်းချခဲ့ရာ ပေါင် ၂၉ သန်းခန့်ရရှိခဲ့ကြောင်း လေလံရောင်းချသူများက မေ ၃၀ ရက်တွင် ပြောကြားသည်။

၎င်းပန်းရောင်စိန်ပွင့်ကြီး **(အောက်ပုံ)** မှာ ၁၂ ဒသမ ၀၄ ကရက်ရှိပြီး သြစတြေးလျနိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါစိန်ပွင့်ကြီးကို ကနဦးက ပေါင်ငါးသန်းခန့်သာ ရရှိနိုင်မည်ဟု ခန့်မှန်းခဲ့သော်လည်း နောက်ဆုံး၌ ပေါင်၂၉ သန်း ရရှိခဲ့ခြင်းဖြစ်သည်။



ပန်းရောင်စိန်ပွင့်ကြီးများအနက် ကမ္ဘာပေါ်တွင် ထင်ရှားသောစိန်ပွင့်များမှာ ဗြိတိန်နိုင်ငံ အဲလိဇဘတ်ဘုရင်မကြီးအတွက် မင်္ဂလာလက်ဆောင်အဖြစ်ပေးအပ်ခဲ့သည့် ၂၃ ဒသမ ၆ ကရက်ရှိသော စိန်ပွင့်ကြီးက အထင်ရှားဆုံးပင်ဖြစ်သည်။

ဝယ်ယူစုဆောင်း

ရှားပါးပြီး တန်ဖိုးကြီးမားသော ပန်းရောင်စိန်ပွင့်ကြီးများကို ဥရောပမှ ရတနာဝယ်ယူစုဆောင်းသူများက ပိုင်ဆိုင်ကြပြီး ယခုအခါ ဟောင်ကောင်လေလံပွဲ၌ လာရောက်ရောင်းချခြင်းဖြစ်သည်။ အာရှမှ ထိပ်တန်းသူဌေးကြီးများက အဆိုပါရှားပါးပြီးတန်ဖိုးမြင့်သော ပန်းရောင်စိန်ပွင့်များကို ဝယ်ယူစုဆောင်းလျက်ရှိသည်။ **(အင်တာနက်)**

အမေရိကန် ဖလော်ရီဒါမြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ် နေအိမ်များပျက်စီးပြီး ရေလွှမ်းမှုများဖြစ်ပေါ်

ဝါရှင်တန် မေ ၃၀

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်မြောက်ပိုင်း ကမ်းခြေဒေသတစ်လျှောက်တွင် မေ ၃၀ ရက်နံနက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ နေအိမ်များပျက်စီးပြီး ခေါင်မိုးများပြုတ်ထွက်ကာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်အရာရှိများက သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ရွာသွန်းခဲ့

မုန်တိုင်းဒဏ်ကြောင့် သစ်ပင်များပြိုလဲကာ ဓာတ်ကြိုးများ ပြတ်တောက်ခဲ့သည်။ နေအိမ်များပျက်စီးကာ မော်တော်ယာဉ်သွားလာမှုများ ရပ်ဆိုင်းခဲ့သည်။ ၎င်းမုန်တိုင်းကြောင့် ပင်လယ်ပြင်တွင် မြင့်မားသောရေလှိုင်းများဖြစ်ပေါ်ခဲ့သည့်အပြင် မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။ ဖလော်ရီဒါပြည်နယ်အချို့အရပ်များတွင် မိုးရေချိန်လက်မများစွာ ရွာသွန်းခဲ့သည်။

မိုးမှာသည်းထန်စွာ ဆက်လက်ရွာသွန်းလျက်ရှိကြောင်း၊ ၎င်းမုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်မှတစ်ဆင့် ကာရိုလိုင်းနားပြည်နယ်အတွင်းသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းဌာနက ထုတ်ပြန်သောသတင်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

ရှန်ဟိုင်းမြို့အနီးရေပြင်၌ သင်္ဘောနစ်မြုပ်၊ သုံးဦးသေဆုံး

ရှန်ဟိုင်း မေ ၃၀

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့အနီးရေပြင်တွင် မေ ၂၉ ရက် မွန်းလွဲပိုင်းက သင်္ဘောတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ သင်္ဘောပေါ်လိုက်ပါလာသူသုံးဦး သေဆုံးခဲ့ကြောင်း တရုတ်ရေကြောင်းအရာရှိများက မေ ၃၀ ရက်တွင် ပြောကြားသည်။

၎င်းသင်္ဘောသည် ရှန်ဟိုင်းမြို့မှ နန်တန်မြို့သို့ ခုတ်မောင်းလာစဉ် ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ၂ နာရီ မိနစ် ၂၀ ခန့်က နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်္ဘောပေါ်တွင် သံမဏိတန်ချိန် ၇၇၀ တင်ဆောင်လာခြင်းဖြစ်သည်။

စေလွှတ်ခဲ့

ယင်းသင်္ဘော **(ယာပုံ)**မှာ မတော်တဆဖြစ်ရပ်ကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ရှန်ဟိုင်းရေကြောင်း သုတေသနနှင့် ကယ်ဆယ်ရေးဌာနသို့ အရေးပေါ်အကူအညီတောင်းခံခဲ့သည်။ ထိုသို့အကူအညီတောင်းခံမှု လက်ခံရရှိသည်နှင့် ကယ်ဆယ်ရေးရေယာဉ်များကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံး

သင်္ဘောနစ်မြုပ်မှုကြောင့် သင်္ဘောပေါ်လိုက်ပါလာသည့် အသက်အရွယ်ကြီးရင့်သူနှစ်ဦးအား ရေထဲမှဆယ်ယူနိုင်ခဲ့သော်လည်း ၎င်းတို့၏သားဖြစ်သူတစ်ဦး၊ သမက်ဖြစ်သူတစ်ဦးနှင့် မြေးဖြစ်သူတစ်ဦးတို့ ပျောက်ဆုံးလျက်ရှိကြောင်း၊ ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

၃၀-၅-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

အီရန်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံနှစ်ရုံ တည်ဆောက်မည်

အီရန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် ဘူရှီဟာမြို့တွင် ဘေးချင်းကပ်လျက်ရှိသည့် နျူကလီးယားဓာတ်အားပေးစက်ရုံအသစ်နှစ်လုံးကို တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ခေါင်းဆောင် ဖီရီဒန်အဘာစီက ပြောကြားခဲ့သည်။

အီရန်နိုင်ငံအတွင်း၌ နျူကလီးယားဓာတ်အားပေးစက်ရုံနှစ်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း၊ ဘူရှာဟာဆိပ်ကမ်းမြို့တွင် လာမည့် ၂၀၁၃ ခုနှစ် မတ် ၂၁ ရက်၌ နျူကလီးယားဓာတ်အား ၁၀၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံကို စတင်တည်ဆောက်မည်ဖြစ်ကြောင်း တီဟီရန်တက္ကသိုလ်၌ မေ ၂၆ ရက် မွန်းလွဲပိုင်းကကျင်းပသည့် ရူပဗေဒဆိုင်ရာဆွေးနွေးပွဲတစ်ရပ်တွင် အဘာစီက အထက်ပါအတိုင်း ဖြည့်စွက်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ နျူကလီးယားစက်ရုံများတည်ဆောက်ရာတွင် အီရန်နိုင်ငံအတွင်း၌ အတွေ့အကြုံကောင်းများမရှိသည့်အတွက် ယင်းလုပ်ငန်းများ အကောင်အထည်ဖော်အောင်မြင်ရန် ပြည်ပနိုင်ငံများမှ အကူအညီများလိုအပ်မည်ဖြစ်ကြောင်း အီရန်နျူကလီးယားထိပ်တန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

- -

အီတလီနိုင်ငံ၌ ဒုတိယမြောက်အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၁၆ ဦးရှိလာပြီး ဒဏ်ရာရသူ ၃၅၀ ကျော်အထိရှိလာ

အီတလီနိုင်ငံမြောက်ပိုင်းရှိ အီမာလီယာရိုမားနားဒေသတွင် ပြီးခဲ့သည့်တစ်ပတ်ကျော်က ငလျင်လှုပ်ပြီးနောက် မေ ၂၉ ရက်က ဒုတိယမြောက်ထပ်မံလှုပ်ခဲ့သည့်ငလျင်ကြောင့် သေဆုံးသူ ၁၆ ဦး အထိရှိလာပြီး ဒဏ်ရာရသူ ၃၅၀ အထိရှိသွားပြီဖြစ်ကြောင်း မေ ၃၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါငလျင်သည် ပြင်းအား ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိပြီး မေ ၂၉ ရက် နံနက်ပိုင်းက အီတလီနိုင်ငံမြောက်ပိုင်း အီမာလီယာရိုမားနားဒေသတွင် လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်များလှုပ်ခဲ့မှုကြောင့် အဆောက်အအုံပေါင်းများစွာပျက်စီးခဲ့ပြီး လူပေါင်း ၁၄၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဒေသဆိုင်ရာလုံခြုံရေးအရာရှိများက ပြောကြားသည်။ (အောက်ပုံ) (အင်တာနက်)

အာဖဂန်နစ္စတန်ပြည်သူ ငါးရာခိုင်နှုန်း ဘိန်းစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်နေ

ဂျီနီဗာ မေ ၃၀

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးအများဆုံး ထုတ်လုပ်သည့် အာဖဂန်နစ္စတန်တွင် ထွက်ရှိသည့် မူးယစ်ဆေးဝါးများ၏ နှစ်ရာခိုင်နှုန်းသာ လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းနိုင်ကြောင်း ကုလသမဂ္ဂမူးယစ်ဆေးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (ယူအင်န်အိုဒီစီ)က ကြေညာသည်။

အာဖဂန်နစ္စတန် လူဦးရေ ၃၄ သန်းအနက် ငါးရာခိုင်နှုန်းက ဘိန်းစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ကြောင်း**(ဝဲပုံ)** ကုလသမဂ္ဂအရာရှိတစ်ဦးက ပြောကြားသည်။

ပြောကြား

ဘိန်းစိုက်ပျိုးရေးတွင် ပြည်သူငါးရာခိုင်နှုန်း ပါဝင်ပြီး မူးယစ်ဆေးဝါးသုံးစွဲသူ တစ်သန်းကျော်ရှိသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကြောင့် များစွာပေးဆပ်နေရကြောင်း အဆိုပါအရာရှိက ကဘူးလ်မြို့၌ သတင်းထောက်များအား ပြောကြားလိုက်သည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အားကစားကွင်း၌ တိုက်ခိုက်မှုဖြစ်ပွား ဘောလုံးပွဲကြည့်ပရိသတ်သုံးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဂျကာတာ မေ ၃၀

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မေ ၂၈ ရက် မွန်းလွဲပိုင်းက ဘောလုံးပွဲတစ်ပွဲကစားပြီးနောက် ပရိသတ်များအချင်းချင်း တိုက်ခိုက်မှုဖြစ်ပွားရာ ပရိသတ်သုံးဦး သေဆုံးပြီး အခြားငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

တိုက်ခိုက်ခဲ့

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ပရိသတ် ၈၀၀၀၀ ခန့်ရှိ ဂလိုရာဘန်ကာနိုအားကစားကွင်း၌ ပါစီဂျာဂျကာတာဘောလုံးအသင်းနှင့် ပါစစ်ဘန်ဒန်ဘောလုံးအသင်း နှစ်သင်းတို့အကြား ဘောလုံး ယှဉ်ပြိုင်ကစားပြီးနောက် နှစ်ဖက်ပရိသတ်များ အပြန်အလှန် နောက်ပြောင်ကြရာမှ ယင်းကဲ့သို့ အုတ်ခဲ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်တိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုသည် ရဲတပ်ဖွဲ့ကင်းလှည့်ရာလမ်းပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုသို့ဖြစ်ပွားချိန်တွင် ရဲအရာရှိများမရှိကြကြောင်း လုံခြုံရေးအရာရှိ ရစ်ခ်ဝမ်တိုက ဂျကာတာဂလိုဘယ်သို့ ပြောကြားခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ပါစစ်ဘန်ဒန်အားကစားအသင်းဝတ်စုံဝတ်ဆင်ထားသူ အမျိုးသားတစ်ဦး ရေကူးကန်အနီးရှိ အားကစားကွင်း ကားရပ်ရာနေရာတွင် သေဆုံးနေပြီး အခြားနှစ်ဦးမှာ နာရီပေါင်းများစွာကြာပြီးနောက် အားကစားကွင်းရှိ ဘတ်စကက်ဘောကစားရာနေရာအနီးသေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါပြိုင်ပွဲတွင် ယင်းဘောလုံးအသင်းနှစ်သင်းမှာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမှတ်စု

မငြိမ်းချမ်းသော ကွန်ဂိုမှ ရတက်မအေးဖွယ်ဖြစ်ရပ်များ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းပြည်နယ်များတွင် ပြိုင်ဘက်လက်နက်ကိုင်အုပ်စုချင်း တိုက်ခိုက်သည့်အတွက် ဒေသခံ ၁၆ ဦး သေဆုံးသွားကြောင်း ထိုဒေသမှ ပါလီမန်အမတ် ဂျင်းဆွတ်ပူတိုကမ်ဘာလီက မေ ၂၈ ရက်တွင် ပြောကြားခဲ့သည်။ လက်နက်ကိုင် တိုက်ခိုက်ရေးအဖွဲ့ခေါင်းဆောင် ကော့စတိုအင်တာဂန်ကို ဖမ်းမိရေးအတွက် ကွန်ဂိုစစ်တပ်က ပြန်လည်ဖြန့်ကြက်ရှာဖွေစဉ် အပြန်အလှန်ပစ်ခတ်ကြရင်း ဒေသခံ အမျိုးသမီး၊ ကလေး၊ အဘိုး၊ အဘွားများပါမကျန် သေဆုံးခဲ့ကြခြင်းဖြစ်သည်။

ကွန်ဂိုနိုင်ငံမှာ လွန်ခဲ့သော ဆယ်စုနှစ် အနည်းငယ်အတွင်း ဆင်းရဲမွဲတေမှု၊ အခြေခံ အဆောက်အအုံ ပျက်စီးမှု၊ ပြည်သူ ၅ ဒသမ ၅ သန်း အသက်ဆုံးရှုံးရသည့် စစ်ပွဲများဖြစ်ပွားမှု စသည့် အနိဋ္ဌာရုံများနှင့် ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။

နိုင်ငံအရှေ့ပိုင်း၌ အစိုးရတပ်များနှင့် လက်နက်ကိုင်သူပုန်များ တိုက်ပွဲဖြစ်သဖြင့် လူသားချင်း စာနာထောက်ထားမှုအခြေအနေ မရှိတော့ဘဲ တိုက်ခိုက်မှုများသည် ဝေးလံခေါင်သီသည့် အရပ်သို့ပင် ပျံ့နှံ့လာကြောင်း နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)က ကြေညာသည်။

ပြောကြား

မြေစာပင် ဖြစ်ရသူများမှာ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများ ဖြစ်သည်ဟု အိုင်စီအာရ်စီတာဝန်ရှိသူ လက်တက်တီယာကုတ္တိုင်က ပြောကြားသည်။

တိုက်ခိုက် အကြမ်းဖက်မှုများမှာ မြောက်ကီဗူးပြည်နယ်မှ တောင်ကီဗူးပြည်နယ်ဝါလမ်ဂူ၊ ရှာဘန်ဒါ၊ ကာလီတီနှင့် အခြားခရိုင်များသို့ပင် ပျံ့နှံ့ရောက်ရှိလာသည်။ မေလအတွင်း ရဝမ်ဒါနှင့် ယူဂန္ဓာနိုင်ငံများသို့ ထွက်ပြေးသူ ၁၅၀၀၀ ကျော်ရှိပြီဟု ဆိုသည်။

စီအင်န်ဒီပီသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ လက်နက်ကိုင်တပ်များ (အက်ဖ်အေအာရ်ဒီစီ)မှ ခွဲထွက်သော ဗိုလ်ချုပ်ကြီးကော့စတို အင်တာဂန်၏ လက်နက်ကိုင်အုပ်စုဖြစ်သည်။ ကွန်ဂိုနိုင်ငံအတွင်း ပုန်ကန်ထကြွမှုများကို အိမ်နီးချင်း ရဝမ်ဒါနိုင်ငံက လူသူလက်နက် အကူအညီများပေးနေသည့် အထောက်အထားများ တွေ့ထားကြောင်း ကုလသမဂ္ဂက လောလောဆယ်ပြောကြားလိုက်သည်။ ရဝမ်ဒါနိုင်ငံက မဟုတ်မှန်ကြောင်း ငြင်းဆိုသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး အသေအပျောက် အများဆုံးအဖြစ် လူပေါင်း ငါးသန်းကျော် သေကျေခဲ့ရသည့် ငါးနှစ်ကြာစစ်ပွဲ ၂၀၀၃ ခုနှစ်တွင် အဆုံးသတ် ပြီးဆုံးသွားသော်လည်း ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် တိုက်ခိုက်မှုများကြောင့် ယခုတိုင်တည်ငြိမ်အေးချမ်းမှု မရရှိသေးပေ။ တကယ်တော့ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှာ အလွန်ချမ်းသာသည်။ နယ်မြေကျယ်ဝန်းပြီး စိန်၊ ရွှေ၊ ကြေးနီ၊ ကိုဘော့နှင့် သွပ်အများအပြား ထွက်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ သို့သော် ချမ်းသာကြွယ်ဝသည့် ယင်းသဘာဝအရင်းအမြစ်များကို ပြည်သူတို့ အကျိုးမခံစားရသည်မှာ ကံမကောင်း အကြောင်းမလှဖြစ်စေသည့် အကြောင်းများရှိသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် စစ်ဘေးဒဏ်ခံနေရမှုကြောင့် အိမ်နီးချင်း ရဝမ်ဒါနှင့် ယူဂန္ဓာနိုင်ငံများသို့ ထွက်ပြေးနေကြသူများကို ဤသို့ တွေ့ရသည်။

ပြည်သူတို့ မခံစားရသည့် ထိုအရင်းအမြစ်များကို လောဘဇောတက်နေသူများ၊ မသမာသော ကော်ပိုရေးရှင်းကြီးများ၊ ရက်စက်ယုတ်မာသော စီးပွားရေးသမားများ၊ အဂတိလိုက်စားသော အာဏာပိုင်များက ငမ်းငမ်းတက် လုယက်ယူခဲ့ကြသည်။ ၎င်း၏ နောက်ဆက်တွဲအဖြစ် လူမျိုးစုအုပ်စုချင်း ရန်စောင်ကာ ပြည်သူတို့ သဘောထားကွဲကြရခြင်းသာ အဖတ်တင်တော့သည်။ ၂၀ ရာစုအစောပိုင်းက ဤနိုင်ငံသို့ ဘယ်လ်ဂျီယံတပ်များရောက်လာပြီး တိုင်းရင်းသားများကို ကျွန်ပြုသည်။ ဘုရင်လီယိုပိုက ငွေကြေးများကို ဘိုးဘွားပိုင်ပမာ သုံးဖြုန်းသည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက လွတ်လပ်ရေးတိုက်ပွဲဝင်စဉ် တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာ ဖြစ်ခဲ့ရသေးသည်။ ၁၉၆၅ ခုနှစ်တွင် ဂျိုးနက်မိုဘူတူ အာဏာသိမ်းပြီး အာဏာယစ်မူးလာပြန်သည်။ ၁၉၉၄ ခုနှစ်တွင် အိမ်နီးချင်း ရဝမ်ဒါနိုင်ငံ၌ မျိုးပြုန်းသတ်ဖြတ်မှု ဖြစ်ပေါ်လာသောအခါ မိုဘူတူပြုတ်ကျရန် ပိုမြန်လာခဲ့သည်။

တိုက်ခိုက်

ရဝမ်ဒါနိုင်ငံမှ မျိုးဖြုတ်သတ်ဖြတ်သော မိုဟူတူအစိုးရကို ဖယ်ရှားလိုက်သောအခါ အာဏာရလာသည့် တွတ်ဆီအစိုးရက လက်စားချေမည်ကို ကြောက်ရွံ့သည့် ဟူတူမျိုးနွယ် နှစ်သန်းကျော် ကွန်ဂိုနိုင်ငံအတွင်းသို့ ထွက်ပြေးကြသည်။ ၎င်းတို့ထဲတွင် မျိုးဖြုတ်သတ်ဖြတ်မှုတွင် ပါဝင်သူများလည်း အများအပြားပါဝင်လာသည်။ ထိုသူတို့က မိုဘူတူအစိုးရနှင့် အမြန်ဆုံး မဟာမိတ်ဖွဲ့ပြီး ကွန်ဂိုနိုင်ငံ၌ သားစဉ်မြေးဆက် နေထိုင်လာခဲ့သည့် တွတ်ဆီမျိုးနွယ်များကို တိုက်ခိုက်သည်။

ထိုအခါ ကွန်ဂိုအစိုးရကို ဆန့်ကျင်သော တွတ်ဆီပြည်သူ့စစ်များကို ရဝမ်ဒါနိုင်ငံ တွတ်ဆီအစိုးရက စတင်ထောက်ခံအားပေးသည်။ နောက်ဆုံးတွင် ယူဂန္ဓာနိုင်ငံက ထောက်ခံသည့် အခြားသော ဒေသခံအုပ်စုများနှင့် ပေါင်းကာ တွတ်ဆီပြည်သူ့စစ်များသည် ကင်ရှာဆာမြို့သို့ ချီတက်ပြီး မိုဘူတူအစိုးရကို ဖြုတ်ချလိုက်သည်။

စစ်ဆင်နွှဲ

လောရင့် ကာဘီလာအား သမ္မတ မြှောက်ပြီး နိုင်ငံကိုလည်း ဇိုင်ယာမှ ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ အဖြစ်သို့ အမည်ပြောင်းလိုက်သည်။ သမ္မတ ကာဘီလာက ဇင်ဘာဘွေ၊ နမီးဘီးယားနှင့် အင်ဂိုလာနိုင်ငံများမှ အကူအညီတောင်းပြီး ငါးနှစ်ကြာ နယ်မြေရှင်းလင်းရေး စစ်ဆင်နွှဲသည်။

စစ်ပွဲကို အကြောင်းပြုပြီး အားလုံးက ထိုနိုင်ငံကြွယ်ဝသမျှကို လုယူကြခြင်း ဖြစ်သည်။ စစ်အတွင်း ပြည်သူ ငါးသန်းကျော် သေသည်။ အများစုမှာ ငတ်ပြတ်မှုနှင့် ရောဂါဘယကြောင့် အသက်ဆုံးရှုံးခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် စစ်ပြီးဆုံးကြောင်း ကြေညာသော်လည်း နိုင်ငံအရှေ့ပိုင်းတွင် ယခုအထိ မငြိမ်းချမ်းသေး။

အာဖရိကသမိုင်းတွင် ထိုစစ်သည် အသေအပျောက် အများဆုံးအဖြစ် မှတ်တမ်းတင်ရသော်လည်း စေလွှတ်ထားသည့် ကုလသမဂ္ဂတပ်မှာလည်း ပြန်မရုပ်သိမ်းနိုင်သေးဘဲ အမည်ပြောင်းလိုက်ရရုံသာ ရှိပါသည်။ ထိုသို့သော ပြဿနာပေါင်းစုံကြားမှ အဓိက ဘေးဒုက္ခကြုံတွေ့နေရသောသူများမှာ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုနှင့် အမျိုးသမီးများဖြစ်ကြသည်မှာ ကမ္ဘာ့အနိဋ္ဌာရုံမြင်ကွင်းတစ်ခုသဖွယ် ဖြစ်နေပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး ➤ ရေးသားသည်

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အာကာဟိန်း-ရေးသားသည်

ကမ္ဘာ့လူဦးရေအများဆုံး တိုက်ကွမ်ဒိုအားကစားသရုပ်ပြပွဲ

လန်ဒန် မေ ၃၀

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ကာနေရီဝါ့ဖ်အရပ်၌ လန်ဒန်မြို့မှ တိုက်ကွမ်ဒို ကစားသမား ၈၀၅ ဦးတို့က စုပေါင်းလေ့ကျင့်ခဲ့ကြရာ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး တိုက်ကွမ်ဒိုစုပေါင်းကစားသူများအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

ယခင်က တိုက်ကွမ်ဒိုကစားသမားအများဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ထားသည့် ဦးရေမှာ ၃၃၂ ဦးဖြစ်ပြီး လန်ဒန်မြို့၌ ပြုလုပ်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုစဉ်က လန်ဒန်မြို့ရှိ အထက်တန်းကျောင်းသား ကျောင်းသူများ စုပေါင်းဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

စီစဉ်သွားမည်

ယခုတိုက်ကွမ်ဒိုကစားသည့်သူများမှာ လန်ဒန်မြို့သူ မြို့သားများဖြစ်ပြီး နောက်ထပ်ဂင်းနက်စ်မှတ်တမ်းတင်ရန်အတွက် ပါဝင်ဆင်နွှဲသူ ၅၀၀၀ အထိ စုဆောင်းရန် စီစဉ်သွားမည်ဖြစ်သည်။

ယခုကျင်းပသည့် တိုက်ကွမ်ဒိုကစားပွဲကို ဗြိတိန်နိုင်ငံ ဘာနာဒိုး လူမှုရေးအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ယင်းအဖွဲ့မှာ ကလေးငယ်များအတွက် လူမှုရေးရန်ပုံငွေထောက်ပံ့သည့်အဖွဲ့ဖြစ်သည်။ ယခုပွဲဖြစ်မြောက်ရန် အကူအညီပေးသည့် ဘာနာဒိုးအဖွဲ့က တူညီဝတ်စုံများ၊ ဧည့်ခံစရိတ်၊ ကြိုဆိုပို့ဆောင်ရေးစရိတ်များအဖြစ် ပေါင် ၅၀၀၀ ကျခံအသုံးပြုခဲ့သည်။

ဖော်ပြ

ထပ်မံပြီး ဗြိတိန်မြို့ကြီးများဖြစ်သော ရက်ဒင်း၊ နယူးကာဆယ်၊ နော့တင်ဟမ်၊ မန်ချက်စတာ၊ လိဒ်၊ ဘရစ်စတိုးနှင့် ဘာမင်ဂမ်မြို့များမှ ပြည်သူများ ပါဝင်ကာ စုပေါင်းတိုက်ကွမ်ဒိုသရုပ်ပြပွဲ ပြုလုပ်ရန် စီစဉ်မည်ဟု သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ဧဝရက်တောင်ထိပ်ပေါ်က တေးဂီတဖျော်ဖြေပွဲ

လန်ဒန် မေ ၃၀

ဗြိတိန်နိုင်ငံသား အော့ဇ်ဘေးလ်ဒန်သည် ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ဧဝရက်တောင်ထိပ်ပေါ်တွင် တေးဂီတပွဲကျင်းပခဲ့ရာ ကမ္ဘာမြေမှ အမြင့်ဆုံးတေးဂီတပွဲအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ မေ ၃၀ ရက်တွင် ဖော်ပြခံရသည်။ **(ယာပုံ)**

ဗြိတိန်နိုင်ငံသား အော့ဇ်ဘေးလ်ဒန်နှင့်အဖွဲ့ဝင်ရှစ်ဦးပါရှိသော တေးဂီတဖျော်ဖြေရေးအဖွဲ့သည် နီပေါနိုင်ငံ ဧဝရက်တောင်ထိပ်ပေါ်သို့ တက်ရောက်ကာ ဂီတဖျော်ဖြေပွဲတစ်ရပ်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် အမြင့် ၂၁၈၂၅ ပေမြင့်သော ဧဝရက်တောင်ထိပ်ပေါ်သို့ ဂီတာသုံးလက်နှင့် အသေးစားလက်ကိုင်အော်ဂင်တစ်ခုတို့ကို သယ်ဆောင်ကာ တီးခတ်ခဲ့ကြခြင်းဖြစ်သည်။

အော့ဇ်ဘေးလ်ဒန်နှင့်အဖွဲ့သည် နီပေါနိုင်ငံ ဧဝရက်တောင်ထိပ်ရှိ မီရာသဘာဝဥယျာဉ်အတွင်း၌ တေးဂီတတီးခတ်ဖျော်ဖြေခဲ့ကြခြင်းဖြစ်သည်။



ယခင်က ဂျာမနီမှ တေးဂီတအဖွဲ့တစ်ဖွဲ့က ဘိုလစ်ဗီးယားနိုင်ငံရှိ အက်တိုတန်ဂိုတောင်၏ အမြင့် ၁၉၉၁၁ ပေ၌ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်ခဲ့ကာ ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ ယခု အော့ဇ်ဘေးလ်ဒန်တို့အဖွဲ့မှာ ယင်းဂင်းနက်စ်မှတ်တမ်းကို ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ဈေးအကြီးဆုံး ဟမ်ဘာဂါ

နယူးယောက် မေ ၃၀

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ရှိသော စားသောက်ဆိုင်တစ်ဆိုင်တွင် ရောင်းချလျက်ရှိသည့် ဟမ်ဘာဂါတစ်လုံးမှာ အမေရိကန်ဒေါ်လာ ၂၉၅ ဒေါ်လာဖြစ်ရာ ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံး ဟမ်ဘာဂါအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

၎င်းဟမ်ဘာဂါကို ဆီရန်ဒီပီတီ-၃ အမည်ရှိ စားသောက်ဆိုင်တွင် ရောင်းချနေခြင်းဖြစ်ပြီး အသီးအရွက်နှင့် အသားများကို နိုင်ငံစုံမှမှာယူကာ သန့်ရှင်းဘေးကင်းစွာ ပြုလုပ်ထားခြင်းဖြစ်သည်။

အဆိုပါဟမ်ဘာဂါတွင် ထည့်သွင်းထားသောအသားမှာ ဂျပန်နိုင်ငံမှဖြစ်ပြီး ထောပတ်နှင့် ကြက်ဥများမှာ ပြင်သစ်နိုင်ငံမှဖြစ်သည်။ တစ်ဖန် ဂျုံနှင့် အခြားဆက်စပ်ပစ္စည်းများမှာ အမေရိကန်နိုင်ငံမှဖြစ်သည်။ ***(အပေါ်ပုံ)***

ရွှေနားကွပ်ထားသော ကြွေပန်းကန်အဖြူပေါ်တွင် အသားပြားအပြည့်ထည့်ထားသည့် ဟမ်ဘာဂါ၏အရသာသည် ပေးရသောငွေကြေးပမာဏနှင့် ညီမျှစေရမည်ဖြစ်ကြောင်း ၎င်းစားသောက်ဆိုင်ပိုင်ရှင်က ပြောကြားသည်။

ယခင်က ဂင်းနက်စ်မှတ်တမ်းတင်ထားသော ဟမ်ဘာဂါတစ်ခု၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၀သာဖြစ်ရာ ယခုဟမ်ဘာဂါမှာ ဈေးအကြီးဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်)

အာဆီယံဒေသအတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီတို့ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

အာဆီယံဒေသအတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီတို့ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃၀

အာဆီယံဒေသအတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီတို့ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အာဆီယံလွတ်လပ်စွာကုန်သွယ်မှုဒေသ(AFTA)အတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ရန် ဆောင်ရွက်ထားရှိမှုများနှင့် ထပ်မံဆောင်ရွက်ရန် လိုအပ်ချက်များအား အသင်းအဖွဲ့များ၊ ပုဂ္ဂလိကများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရေးကိစ္စများ လုပ်ငန်းကော်မတီအလိုက် သတင်းအချက်အလက်များ ချိတ်ဆက်ဖြန့်ဝေရေးကိစ္စရပ်များ၊ လုပ်ငန်းကော်မတီအသီးသီး၏ အချိန်ဇယားအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ အာဆီယံဆိုင်ရာ သတင်းအချက်အလက်များကို တိုင်းဒေသကြီး/ပြည်နယ်များသို့ပါ ဖြန့်ဝေသိရှိအောင် ဆောင်ရွက်ရေးလုပ်ငန်းများ၊ ၂၀၁၄ တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည့် အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို လုပ်ငန်းကော်မတီအသီးသီးက ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်

နေပြည်တော် မေ ၃၀

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီ စင်တီဂရိတ်ပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဗန်းမော်မြို့တွင် ၃ ဒသမ ၄၇ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဟသ္သာတမြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၈၅ လက်မစီ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဂွမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၇၀ လက်မနှင့် ဆောမြို့တွင် ၁ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မေ ၃၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကန့်ကြီးထောင့်မြို့နယ်၌ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ကန့်ကြီးထောင့် မေ ၃၀

ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၀၁၂-၂၀၁၃ ပညာ သင်နှစ်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကန့်ကြီးထောင့်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်အုံးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်အဆင့် ပညာသင်စရိတ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ပေးအပ်ခဲ့ပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပညာသင်ထောက်ပံ့စရိတ်များကို ကန့်ကြီးထောင့်၊ ကျိုက်လတ်၊ ဒါးက၊ ကံရွာ၊ တာဝန်ခံ စခန်းမှူးများက ပေးအပ်ကြသည်။ **(အောက်ပုံ)**

ထောက်ပံ့ပေးအပ်

အဆိုပါ ထောက်ပံ့စရိတ်များကို တက္ကသိုလ်ဝင်တန်းခုနစ်ဦး၊ အထက်တန်းအဆင့်ငါးဦး၊ အလယ်တန်းအဆင့် ၁၆ ဦးနှင့် မူလတန်းအဆင့် ၁၀ ဦး စုစုပေါင်း ၃၈ ဦးတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ (၂၅) ရက် မှ (၃၁) ရက်ထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၀

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူး ဦးထွန်းရီက ကျောင်းအပ်နှံရေး လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့က ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ပညာသင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

လှူဒါန်း

ဆက်လက်၍ ကျောင်းနေမြေရေးနှင့် ကျောင်းနေရန် အခက်အခဲရှိသည့် ကလေးများ ကျောင်းနေနိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်၊ စာရေးကိရိယာနှင့်အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနား၌ ခင်းကျင်းပြသထားသော ပညာရေးဆိုင်ရာလှုပ်ရှားမှု ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေး နေ့အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနက မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ် ၅၆၂ ဒသမ ၈၀၉ သိန်း တန်ဖိုးရှိ ကျောင်းသုံးပုံနှိပ် စာအုပ်များနှင့် ငွေကျပ် ၁၉၇၈ သိန်းတန်ဖိုးရှိ ဗလာစာအုပ်များကို လည်းကောင်း၊ အလှူရှင်၊ စေတနာရှင်များက စုစုပေါင်းငွေကျပ် ၂၇၃ ဒသမ ၂၁သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ဧည့်သည်အဖွဲ့များလာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းအား Mizuho Corporate Bank Ltd. Chief Representative, Mr. takeshi Ohashi နှင့်အဖွဲ့သည် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ ဗဟိုဘဏ်ဥက္ကဋ္ဌ၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Mizuho Corporate Bank အနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ လုပ်ငန်းများအား ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများအား တိုးမြှင့်လုပ်ကိုင်ရန်ကိစ္စတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေး

ထို့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌအား IMF မှ Deputy Managing Director, Mr. Naoyuki Shinohara နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ငွေရေးကြေးရေး ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် IMF အဖွဲ့၏ ပူးပေါင်းကူညီ ဆောင်ရွက်ပေးမှုများ ထပ်မံတိုးမြှင့်လုပ်ကိုင်ရန်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

လာရောက်တွေ့ဆုံ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအား အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေး အကြံပေး Mr. Gabriel Adlerနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဗဟိုဘဏ်ဥက္ကဋ္ဌ၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် အမေရိကန်ပြည်ထောင်စုမှ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် မေ ၂၉ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရှမ်းရွာ၊ ရေကာ၊ ဘွက်ကြီးရိုးကျေးရွာများ၌ ပေါင်းလောင်းဆည်ရေဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နွေစပါးစိုက်ခင်းများနှင့် ရှမ်းရွာလျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာများကို ဆက်စပ်တူးမြောင်းများဖြင့် ချိတ်ဆက်၍ ရေပေးနိုင်ရန် စက်ယန္တရားများဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

31-5 (06).pmd 1 5/31/2012, 1:48 AM

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ကမ္ဘာ့အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျူးဘား၊ တောင်ကိုရီးယားတို့ နိုင်ပွဲရ

တိုကျို မေ ၃၀

ကမ္ဘာ့ဘော်လီဘောအဖွဲ့ချုပ်ကကြီးမှူးပြီး ဂျပန်နိုင်ငံ တိုကျို၌ ကျင်းပလျက်ရှိသော ကမ္ဘာ့အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို မေ ၃၀ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရာ ကျူးဘားအမျိုးသမီး ဘော်လီဘောအသင်းက ထိုင်းအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ပုံ)**

ကျူးဘားအမျိုးသမီး ဘော်လီဘောအသင်းသည် ထိုင်းအသင်းအား ၂၅-၂၃၊ ၂၅-၂၃၊ ၁၈-၂၅၊ ၂၅-၂၁ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ တောင်ကိုရီးယားက ပီရူးအသင်းကို ၂၅-၁၁၊ ၂၅-၁၈၊ ၂၅-၂၁ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

အနိုင်ရရှိ

တစ်ဖန် ကမ္ဘာ့အမျိုးသမီး ဘော်လီဘောချန်ပီယံ ရုရှားအသင်းသည် တရုတ်(တိုင်ပေ)အသင်းအား ၂၅-၁၄၊ ၂၅-၁၇၊ ၂၅-၁၇ ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့အတူ ဂျပန်နှင့် ဆားဘီးယားအသင်းတို့ပွဲတွင် ဆားဘီးယားအသင်းက အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် လောလောဆယ်တွင် ရုရှား၊ တောင်ကိုရီးယားနှင့် ဆားဘီးယားအသင်းတို့ လာမည့် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရွေးစင်ပွဲ အောင်မြင်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာအနိုင်ရပြီး နောက်တစ်ဆင့်တက်လှမ်း

ပါရီ မေ ၃၀

*ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ မေ ၃၀ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း ပထမအဆင့်ပွဲစဉ်တွင် မာရီယာရှာရာပိုဗာ **(ယာပုံ)**က ကာဒန်တူကို အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။*

ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ရိုမေးနီးယားတင်းနစ်မယ် ကာဒန်တူအား ၆-၀၊ ၆-၀ ဖြင့် ပြတ်ပြတ်သားသား အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မိမိသည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိအောင် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ပွဲအပြီး၌ ရှာရာပိုဗာက ပြောကြားသည်။

နောက်ထပ်ပွဲစဉ်အဖြစ် ချက်တင်းနစ်မယ် ဗစ်တိုဗာနှင့် ဩစတြေးလျ တင်းနစ်မယ် ဘာတီတို့ပွဲတွင် ဗစ်တိုဗာက ၆-၁၊ ၆-၂ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။ တစ်ဖန် ပြင်သစ်တင်းနစ်မယ် ရာဇာနိုနှင့် အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံတို့ပွဲတွင် ရာဇာနိုက ၄-၆၊ ၇-၆ (၇-၅)၊ ၆-၃ ဖြင့် နိုင်ပွဲရရှိသဖြင့် ဆီရီနာဝီလျံပြိုင်ပွဲမှ ထွက်သွားခဲ့ရပြီဖြစ်သည်။

ထို့အတူ ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇနီယာကီနှင့် ဂရိတင်းနစ်မယ် ဒန်နေးလီဒူတို့ပွဲတွင် ဝေါ့ဇနီယာကီက ၆-၀၊ ၆-၁ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။

တစ်ဖန် ရုရှားတင်းနစ်မယ် ပါဗလူချင်ကိုဗာနှင့် ဟန်ဂေရီတင်းနစ်မယ် ဂရီတာအင်တို့ပွဲတွင် ပါဗလူချင်ကိုဗာက ၆-၄၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဂျပန်တင်းနစ်မယ် မိုရီတာနှင့် ဆလိုဗေးနီးယားတင်းနစ်မယ် ဟာကေဘ့တို့ပွဲတွင် မိုရီတာက ၃-၆၊ ၆-၄၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်က အီတလီတင်းနစ်သမား ဘိုလ်လီအား ၆-၂၊ ၆-၂၊ ၆-၁ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ ယခုပွဲအနိုင်ရရှိရန် ရာဖေးလ်နာဒယ်သည် အချိန်နှစ်နာရီခန့်မျှ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထို့အတူ စပိန်တင်းနစ်သမား ဒေးဗစ်ဖာရာနှင့် ဆလိုဗက်ကီးယားတင်းနစ်သမား လက်စ်တိုတို့ပွဲတွင် ဒေးဗစ်ဖာရာက ၆-၃၊ ၆-၄၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့သည်။ တစ်ဖန် ဗြိတိန်တင်းနစ်သမား အင်ဒီမာရေးနှင့် ဂျပန်တင်းနစ်သမား အီတိုတို့ပွဲတွင် အင်ဒီမာရေးက ၆-၁၊ ၇-၅၊ ၆-၀ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

(အင်တာနက်)

လိုက်ဖ်ဝဲလ်သာဝိတ်ချန်ပီယံလက်ဝှေ့ပွဲ အမီရာခန်နှင့် ဂါစီရာတို့ ထိုးသတ်မည်

လပ်စ်ဗီးဂတ်စ် မေ ၃၀

ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗလျူဘီစီ)၏ လိုက်ဖ်ဝဲလ်သာဝိတ်ချန်ပီယံ လက်ဝှေ့ထိုးသတ်ပွဲအဖြစ် အမီရာခန်နှင့် ဒန်နေဂါစီရာ **(ဝဲပုံ)**တို့ အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့၌ လာမည့် ဇူလိုင် ၁၄ ရက်၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း မေ ၃၀ ရက်က သတင်းထုတ်ပြန်သည်။

အမီရာခန်သည် ဒဗလျူဘီအေနှင့် အိုင်ဘီအေတို့၏ လိုက်ဖ်ဝဲလ်သာဝိတ် ချန်ပီယံခါးပတ်လုပွဲအဖြစ် ပီတာဆင်နှင့် မေလဆန်း၌ထိုးသတ်ရန် စီစဉ်ထားခဲ့သော်လည်း ပီတာဆင်ဆေးစစ်မှု မအောင်သဖြင့် ရက်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

အမေရိကန်လက်ဝှေ့သမား ဂါစီရာသည် အသက် ၂၄ နှစ်အရွယ်ရှိပြီး လက်ဝှေ့ပွဲပေါင်း ၂၃ ပွဲ ထိုးသတ်ခဲ့ရာ ပွဲအားလုံးအနိုင်ရရှိထားသူဖြစ်သည်။ အနိုင်ရထားသော ၂၃ ပွဲအနက် ၁၄ ပွဲမှာ အလဲထိုးပွဲများဖြစ်သည်။ ဗြိတိန်လက်ဝှေ့သမား အမီရာခန်မှာ အသက် ၂၅ နှစ်အရွယ်ရှိပြီး လက်ဝှေ့ပွဲပေါင်း ၂၈ ပွဲ ထိုးသတ်ခဲ့ရာ ၂၆ ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ရရှိထားသူဖြစ်သည်။ နိုင်ပွဲ ၂၆ ပွဲတွင် ၁၈ ပွဲမှာ ဒိုင်ပွဲရပ်များဖြစ်သည်။

မိမိသည် ယခုပွဲ၌ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းကာ အနိုင်ယူမည်ဟု ဆုံးဖြတ်ထားကြောင်း အမေရိကန်လက်ဝှေ့သမား ဂါစီရာက ပြောကြားသည်။ ထို့အတူ အမီရာခန်ကလည်း ဂါစီရာ၏ ရှုံးပွဲမရှိစံချိန်ကို ရိုက်ချိုးဖျက်ဆီးပစ်မည်ဖြစ်ကြောင်း ကြုံးဝါးခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာဂီတ

ကောင်းမြတ်သူ - စုစည်းသည်

အမေရိကန်အိုင်ဒေါလ်သီချင်းဆိုပြိုင်ပွဲ အဆိုတော် ဖီးလ်လစ် ဖီးလ်လစ် ဗိုလ်စွဲ

လော့စ်အိန်ဂျလိစ် မေ ၃၀

ဒီနှစ်အတွက် အမေရိကန်အိုင်ဒေါလ်သီချင်းဆိုပြိုင်ပွဲမှာ ဂစ်တာသမားလေး အဆိုတော် ဖီးလ်လစ် ဖီးလ်လစ် **(အပေါ်ပုံ)**က အနိုင်ရဗိုလ်စွဲသွားခဲ့ပါတယ်။

အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ အဆိုတော် ဖီးလစ်ဟာ ဂျော်ဂျီယာပြည်နယ် လီဘတ်စ်မြို့မှ သာမန်စျေးဆိုင်အလုပ်သမားဘဝမှ အဆိုတော်ဖြစ်လာသူဖြစ်ပါတယ်။ သူဟာဝါသနာကိုအရင်းခံပြီး ဂီတကိုအပတ်တကုတ်ကြိုးစားခဲ့ရာမှ ဂီတလောကမှာအောင်မြင်တဲ့အဆိုတော် ဖြစ်လာခဲ့ပါတယ်။ ယခုသူ့ရဲ့ကြိုးစားအားထုတ်မှုတွေက အမေရိကန်နိုင်ငံမှာ အတော်ဆုံး၊ အကောင်းဆုံးအဆိုတော်ရယ်လို့ အသိအမှတ်ပြုရတဲ့ အမေရိကန်အိုင်ဒေါလ်သီချင်းဆိုပြိုင်ပွဲမှာ ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားခဲ့ပါပြီ။

အများဆုံးစံချိန်

အဆိုတော်ဖီးလ်လစ်နဲ့ ကယ်လီဖိုးနီးယားတောင်ပိုင်းက အသက် ၁၆ နှစ်သာရှိသေးတဲ့ အမျိုးသမီးအဆိုတော်မလေး ဂျက်ဆီကာဆန်ချက်တို့ဟာ နောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ အမေရိကန်ရုပ်မြင်သံကြား ကြည့်ရှုသူပရိသတ်အများဆုံးဖြစ်ပါတယ်။ နောက်ဆုံးဗိုလ်လုပွဲမှာ ကြည့်ရှုသူ ၁၃၂ သန်းအထိ ရှိခဲ့ပါတယ်။ ဒီစံချိန်ဟာ အမေရိကန်အိုင်ဒေါလ်သမိုင်းမှာ ပရိသတ်အများဆုံးစံချိန်ဖြစ်ပါတယ်။

"ကျွန်တော့်ကို ဆန္ဒမဲပေးရွေးချယ်ပေးတဲ့အတွက် ပရိသတ်အားလုံးကို ကျေးဇူးတင်တဲ့အကြောင်း" ပြိုင်ပွဲလက်ခံကျင်းပသူ ရိုင်ယန်ဆီးခရက်ကနောက်ဆုံးရလဒ်ကို မကြေညာမီ အဆိုတော်ဖီးလ်လစ်ကပြောကြားခဲ့ပါတယ်။ ဖီးလ်လစ်ဟာ အမေရိကန်အိုင်ဒေါလ်သီချင်းဆိုပြိုင်ပွဲမှာ အနိုင်ရဗိုလ်စွဲခဲ့တဲ့ ပဉ္စမမြောက် အမျိုးသားအဆိုတော်ဖြစ်ပါတယ်။ **(အင်တာနက်)**

ကမ္ဘာကျော်အဆိုတော် ဘီယွန်ဆေး ဘီအီးတီ ဂီတဆု ခြောက်ဆုမျှော်မှန်း

တန်နက်ဆီ မေ ၃၀

ကမ္ဘာကျော် ရက်(ပ်)အဆိုတော် ကန်ရီဝက်စ်ဟာ ဘီအီးတီ (BET)လို့ခေါ်တဲ့ တေးဂီတဆု ခုနစ်ဆု ဆွတ်ခူးနိုင်မှာလို့ ပဏာမစာရင်းထွက်ပေါ်လာပါတယ်။ အဆိုတော် ကန်ရီဝက်စ်နဲ့အပြိုင် အမျိုးသမီးအဆိုတော်ဘီယွန်ဆေး **(ယာပုံ)**ကလည်း ဘီအီးတီတေးဂီတဆု ခြောက်ဆုဆွတ်ခူးမယ်လို့ စာရင်းတွေ ထွက်ပေါ်လာပါတယ်။ ဘီယွန်ဆေးရဲ့ခင်ပွန်း အဆိုတော် ဂျေးဇက်ကတော့ ဒီဆုပေးပွဲမှာ ဆုငါးဆု ဆွတ်ခူးနိုင်မယ်လို့ ရေပန်းစားနေပါတယ်။

ရေပန်းစား

အဆိုပါတေးဂီတ ပဏာမစာရင်းများကို နယူးယောက်မြို့မှာ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒီတေးဂီတဆုပေးပွဲကို လာမယ့် ဇူလိုင် ၁ ရက်မှာ လော့စ်အိန်ဂျလိစ်မြို့ ရှရင်းအော်တိုရီးယန်းခန်းမကြီးမှာ အဆိုတော် ဆင်မြူရယ်အယ်လ်ဂျက်ဆင်က ဦးစီးကျင်းပမှာဖြစ်ပါတယ်။ ဒီဆုပေးပွဲမှာ ခရစ်ဘရောင်းနဲ့ နစ်ကီမီနားတို့က သီဆိုဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ ခရစ်ဘရောင်းဟာ ပြီးခဲ့တဲ့နှစ်က ဒီဆုပေးပွဲမှာ ဆုလေးဆု ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒီနှစ်မှာလည်း သူဟာ ဆုသုံးဆု ဆွတ်ခူးနိုင်မယ်လို့ ရေပန်းစားနေပါတယ်။

အဆိုတော် ဘီယွန်ဆေးဟာ ဒီဆုပေးပွဲမှာ အမျိုးသမီးအကောင်းဆုံး အဆိုတော်ဆုနဲ့ Best Collaboration ဆု ဆွတ်ခူးနိုင်မယ်လို့ ကြားသိရပါတယ်။ **(အင်တာနက်)**

ဆွီဒင်အဆိုတော် လိုရင်း ယူရိုဗစ်ရှင်းသီချင်းပြိုင်ပွဲဆုရ

ဘာကု(အဇာဘိုင်ဂျန်) မေ ၃၀

*(၅၇)ကြိမ်မြောက် ယူရိုဗစ်ရှင်းသီချင်းဆိုပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၇ ရက်က အဇာဘိုင်ဂျန်နိုင်ငံ ဘာကုမြို့မှာ ကျင်းပခဲ့ပါတယ်။ ဒီသီချင်းဆိုပြိုင်ပွဲမှာ ဥရောပနိုင်ငံတွေက နာမည်ကျော် အဆိုတော်တွေ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာမှာ ဆွီဒင်နိုင်ငံက အဆိုတော်လိုရင်း **(ဝဲပုံ)**ဟာ ယူရိုဗစ်ရှင်းဆုကြီးကို ဆွတ်ခူးသွားခဲ့ပါတယ်။*

ဆွီဒင်အိုင်ဒေါလ်ပြိုင်ပွဲဝင်ဟောင်း လိုရင်းဟာ ရုရှားမှ ဘာရာနိုဗိုဂရမ်နီအဖွဲ့နဲ့ နောက်ဆုံးဗိုလ်လုခဲ့ရပါတယ်။ ဒီသီချင်းဆိုပြိုင်ပွဲကို ကမ္ဘာတစ်ဝန်းက လူပေါင်း သန်း ၁၅၀တို့က ရုပ်မြင်သံကြားကတစ်ဆင့် စောင့်ကြည့်ခဲ့ရပါတယ်။ အက်စ်တိုနီးယား၊ လတ်ဗီးယား၊ ဘယ်လ်ဂျီယံနဲ့ အိုင်ယာလန်နိုင်ငံတို့က ရမှတ် ၁၂ မှတ်စီပဲ ရခဲ့ပါတယ်။ အဆိုတော်လိုရင်းဟာ ဒီသီချင်းဆိုပြိုင်ပွဲမှာ ရမှတ် ၃၇၂ မှတ်နဲ့ ယူရိုဗစ်ရှင်းဆုကို ရရှိသွားခဲ့ပါတယ်။ ဒီသီချင်းဆိုပြိုင်ပွဲကို ပွဲကြည့်ပရိသတ်တွေက ဆန္ဒမဲပေးရွေးချယ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဇာဘိုင်ဂျန်နိုင်ငံ ဘာကုမြို့ ခရစ္စတယ်ခန်းမကြီးမှာကျင်းပတဲ့ ဒီယူရိုဗစ်ရှင်းသီချင်းဆိုပြိုင်ပွဲမှာ ပရိသတ် ၂၀၀၀၀ ကျော် တက်ရောက်အားပေးကြည့်ရှုခဲ့ကြပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆွီဒင်အမျိုးသမီးအဆိုတော်လိုရင်းက သူမရဲ့သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး အမှတ်ပေးခဲ့တဲ့အတွက် ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

(အင်တာနက်)

31-5 (07).pmd 1 5/31/2012, 1:48 AM

ASE ကားအရောင်းပြခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

Assurance Services Enterprise Co.,Ltd. ၏ ASE ကားအရောင်းပြခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အဆိုပါ ကားအရောင်းပြခန်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် Assurance Services Enterprise Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခန့်ဝင်းတို့က ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ Assurance Services Enterprise Co., Ltd. ၏ ASE ကားအရောင်းပြခန်း၌ ခင်းကျင်းပြသထားသော မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၈/၂၀၁၂)

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၁၂ ခုနှစ်၊ မေလ ၃၀ ရက်)

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် (၃) ရပ်ကွက် အောက်ပုဇွန်တောင်လမ်း အမှတ် (၃၇၃)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ၂၀၁၂ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ မှတ်ပုံတင်အမှတ်မှာ (၅၄) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

✱ ရှေ့ဖုံးမှ

အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ဖြင့် ပြောကြားရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းနှီးပွင့်လင်းစွာ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျာမန်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian - Ludwig Weber- Lortsch တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဟိုစိန် ကာမာလီယံအား ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဟိုစိန် ကာမာလီယံအား ခန့်အပ်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဟိုစိန် ကာမာလီယံသည် ၁၉၅၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် မွေးဖွားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

မစ္စတာ ဟိုစိန် ကာမာလီယံသည် ၁၉၇၉ ခုနှစ်တွင် အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံဆိုင်ရာ အီရန်သံရုံးတွင် ဒုတိယအကြီးအကဲအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာလူမှုရေးရာ ပူးပေါင်းဆောင်ရွက်ရေးဌာန၏ ဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ယီမင်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပါရှန်ပင်လယ်ကွေ့ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှစတင်က အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပါရှန်ပင်လယ်ကွေ့ဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကာ လက်ရှိတွင် ပါရှန်ပင်လယ်ကွေ့ဌာနအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဟိုစိန် ကာမာလီယံသည် ဗန်ကောက်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မျက်စိရောဂါအထူးကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းလှူဒါန်း

ရန်ကုန် မေ ၃၀

မျက်စိရောဂါ ဆေးရုံကြီးသို့ ဩစတြေးလျနိုင်ငံ Royal Adelaide Hospital မှ Vitrectimy Machine လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက တာမွေမြို့နယ် နတ်မောက်လမ်းရှိ မျက်စိရောဂါ အထူးကုဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး Miss Bronte Moules နှင့် မျက်စိအထူးကုဆရာဝန်ကြီး Professor Henery Newland တို့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် မျက်စိရောဂါအထူးကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာသန်းလွင်၊ မျက်စိရောဂါပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာတင်ဝင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့် Professor Henery Newland တို့က Vitrectomy Machine ကိုပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**
(မြန်မာ့အလင်း)

● ကျောဖုံးမှ

အဆိုပါ တယ်လီစကုပ်ကို တပ်ဆင်ထားသည့် စတားဂါဇာအမည်ရှိ အာကာသလေ့လာရေးယာဉ်ကို ပီဂတ်စ်အက်စ်ဒိုးပျံဖြင့် အာကာသသို့ သယ်ဆောင်သွားမည်ဖြစ်သည်။ ယင်းပီဂတ်စ်အက်စ် ဒုံးပျံကိုလည်း ဒုံးပစ်စင်၌ တပ်ဆင်ရန် စီစဉ်နေပြီဖြစ်သည်။ ယင်းအာကာသယာဉ်ကို လာမည့် ဇွန် ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၃၀ ၌ လွှတ်တင်ရန် စီစဉ်ထားသည်။ ပီဂတ်စ်အက်စ်ဒုံးပျံနှင့် စတားဂါဇာ အာကာသယာဉ်တို့ကို ဇွန် ၅ ရက်တွင် ဒုံးလွှတ်စင်၌ တပ်ဆင်မည်ဖြစ်သည်။ ***(အင်တာနက်)***

အာဆီယံအစားအသောက်နှင့် အဖျော်ယမကာပြပွဲ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည်

နေပြည်တော် မေ ၃၀

အာဆီယံ-ဂျပန်စင်တာ (ASEAN - Japan Centre-AJC)က ကြီးမှူး၍ (ASEAN Food & Beverage 2012) ပြပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အာဆီယံ-ဂျပန်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံမှ ကုမ္ပဏီသုံးခုစီဖြင့် စုစုပေါင်း ကုမ္ပဏီ ၃၀ ကို ရွေးချယ်ဖိတ်ကြားမည်ဖြစ်သည်။ အာဆီယံနိုင်ငံများ၏ စားသောက်ကုန်ပစ္စည်းများကို ဂျပန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်နှင့် ကုန်သွယ်မှုပမာဏ တိုးမြှင့်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။

ပြသမည့် ကုန်ပစ္စည်းများမှာ တန်ဖိုးမြှင့်နှင့် တစ်ဝက်တစ်ပျက်ပြုပြင်ထားသော စားသောက်ကုန်များနှင့် စည်သွပ်ဘူးများ၊ အချိုရည်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ပင်လယ်စာများနှင့် အေးခဲ၊ အခြောက်ခံ၍ စည်သွပ်ထားသည့် အချိုပွဲများ၊ သစ်သီးဝလံများ၊ သစ်သီးဖျော်ရည်များနှင့် စည်သွပ်ဘူးများဖြစ်သည်။ စိတ်ဝင်စားသည့် မြန်မာကုမ္ပဏီများအနေဖြင့် ဇွန် ၂၀ ရက်မတိုင်မီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြပွဲဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ကုန်စည်ပြပွဲဌာနစိတ် ဖုန်း ၀၆၇-၄၀၈၄၁၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

အဆိုပါ အဆိုပြုကုမ္ပဏီများအနက် သတ်မှတ်စည်းကမ်းချက်များဖြစ်သည့် ကုန်ပစ္စည်းအရည်အသွေး၊ ထုတ်လုပ်နိုင်မှု၊ ဂျပန်ဈေးကွက်အကြိုက် ထုတ်လုပ်နိုင်ခြင်း ရှိ၊ မရှိ စသည်တို့ကို အကဲဖြတ်စစ်ဆေး၍ ကုမ္ပဏီသုံးခုကို ရွေးချယ်မည်ဖြစ်သည်။ ရွေးချယ်ခံရသည့် ကုမ္ပဏီတစ်ခုစီမှ တစ်ဦးစီအတွက် အသွားအပြန် လေယာဉ်စရိတ်၊ တည်းခိုနေထိုင်စရိတ်များကို AJC က ကျခံပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲကို မေ ၂၆ ရက်က အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသာထွန်း အမှာစကားပြောကြားစဉ်။

(မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း)

သန်လျင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးခင်အောင်မြင့်က ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (၀၄၉)

ချောင်းသာဟိုတယ်များအားလုံး မိုးရာသီဖွင့်မည်

သတင်းမှတ်စု ➢ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် မေ ၃၀

ယခင်နှစ်များက မိုးရာသီ၌ ချောင်းသာကမ်းခြေအပန်းဖြေစခန်းရှိ ဟိုတယ်အများစုမှာပိတ်ခဲ့သော်လည်း ယခုနှစ်မိုးရာသီတွင်ဟိုတယ်များအားလုံး ဝန်ဆောင်ခလျှော့၍ဖွင့်သွားမည်ဖြစ်ကြောင်း မေ ၂၅ ရက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ပြုလုပ်ခဲ့သော ဟိုတယ်လုပ်ငန်းရှင်များအသင်း(ချောင်းသာဇုန်) မှတာဝန်ရှိသူများနှင့် မီဒီယာများတွေ့ဆုံပွဲတွင် အသင်းအတွင်းရေးမှူး ဦးမင်းကျော်ဦးက ပြောကြားသည်။

ချောင်းသာအပန်းဖြေစခန်း၌ ဟိုတယ်အလုံးပေါင်း ၁၇ လုံးနှင့် ကျေးရွာအတွင်း၌ တည်းခိုခန်းပေါင်း ၃၀ ရှိကြောင်းသိရသည်။

ယခင်နှစ်များက အချို့သောခရီးသွားများအနေဖြင့် မိုးတွင်းကာလကို သာရွေးချယ်လာတတ်သည့် သဘောရှိပြီး ဟိုတယ်များဖွင့်ပေးရန်မေတ္တာရပ်ခံလာမှုကြောင့် ယခုနှစ်ကစပြီး ဟိုတယ်များအားလုံး ဖွင့်ပေးသွားမည်ဖြစ်ပြီး တည်းခိုခများကိုလည်း ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသွားမည်ဖြစ်သည့်အပြင် ဝန်ဆောင်မှုများကိုလည်း နွေကာလကဲ့သို့ပင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ပုသိမ်-ချောင်းသာလမ်းမှာရာသီမရွေးသွာလာမှုကောင်းမွန်လာပြီဖြစ်ကြောင်း၊ ပုသိမ်-ချောင်းသာ ၂၇ မိုင်ကျော်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရဝန်ကြီးဌာနတို့က ငွေကျပ်သိန်း ၅၀၀၀ ကျော်၊ ချောင်းသာဟိုတယ်များအသင်းက ငွေကျပ် သိန်း ၃၀၀၀ ကျော် စိုက်ထုတ်ပြုပြင်ခဲ့ကြောင်း အသင်းမှတာဝန်ရှိသူတစ်ဦးက ရှင်းပြ၍ သိရသည်။

ကင်မရာခွန်လေလံကျခံမှုကိုလည်း အသင်းမှပင် တာဝန်ယူထားသည့်အတွက် လာရောက်အပန်းဖြေသည့်သူများအနေဖြင့် အပျော်တမ်းကင်မရာခွန်၊ ရုပ်ရှင်၊ ဗီဒီယို ကင်မရာခွန်များပါ ကင်းလွတ်ခွင့်ပေးထားကြောင်း၊ ထို့အပြင် မြို့ဝင်ဂိတ်ကြေးကိုလည်း အသင်းမှပင် တာဝန်ယူထားကြောင်း အသင်းတွဲဖက်ဘဏ္ဍာရေးမှူး ဦးကျော်ဟိုးက ရှင်းပြခဲ့သည်။

ဆေးလိပ်လုပ်ငန်းဆွဲဆောင်မှု ရပ်တန့်နိုင်ဖို့ ဒို့ရှေးရှု

ဒေါက်တာအောင်ထွဏ်း
(ကျန်းမာရေးဝန်ကြီးဌာန)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ်မေလ ၃၁ ရက်နေ့အား ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ "World No Tobacco Day" အဖြစ်သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် ဆေးလိပ်တိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်အဖြစ် **ဆေးလိပ်၊ ဆေးရွက်ကြီးကင်းစင်ဖို့ ဥပဒေစည်းကမ်းအလေးထားလို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စို့** (WHO Framework Convention on Tobacco Control) ဟု သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင်လည်း **ဆေးလိပ်လုပ်ငန်းဆွဲဆောင်မှု ရပ်တန့်နိုင်ဖို့ ဒို့ရှေးရှု** (Tobacco Industry Interference) ဟူ၍ ဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့်ဆေးလိပ်ကုမ္ပဏီကြီးများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုနှေးကွေးစေရန် အသုံးပြုသောနည်းလမ်းမျိုးစုံကို သတိထားကာကွယ်ကြရန် နှိုးဆော်ထားပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်း၏ ဘေးအန္တရာယ်များ

ဆေးလိပ်၏အခိုးအငွေ့များတွင် နီကိုတင်းအပါအဝင် ကတ္တရာ၊ နီကိုဒင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယားစသော ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ကျော်ပါဝင်သည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသည် သုံးစွဲသူတို့၏ကိုယ်တွင်းရှိ အင်္ဂါအားလုံးလောက်နီးပါးကို ထိခိုက်စေသည်။ အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာများအပြင် အစာမျိုပြွန်၊ ဆီးအိမ်၊ ကျောက်ကပ်၊ ပန်ကရိယ၊ အသည်း၊ သားအိမ်ခေါင်း၊ အစာအိမ်၊ အူမကြီး၊ စအိုလမ်းကြောင်းကင်ဆာများကိုလည်း ဖြစ်စေနိုင်သကဲ့သို့ သွေးကင်ဆာများလည်း ဖြစ်စေနိုင်ပေသည်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ပွခြင်း၊ နာတာရှည် လေပြွန်ရောင်ရမ်းခြင်းစသော အဆုတ်နှင့်ပတ်သက်သောရောဂါများ ပိုမိုဖြစ်ပွားစေနိုင်သည်။ ယင်းအဆုတ်လေပြွန်များတဖြည်းဖြည်း ပိတ်ဆို့ကျဉ်းမြောင်းလာသောကြောင့် ဖြစ်ပေါ်လာသည့် နာတာရှည်အဆုတ်ရောဂါ၊ သန်စွမ်းမှုနည်းပါးခြင်းနှင့် နောက်ဆုံးသေဆုံးသည်အထိ ဖြစ်နိုင်လေသည်။ ဆေးလိပ်သောက်သူများတွင် နှလုံးဖြစ်ပွားသေဆုံးမှုကလည်း ဆေးလိပ်မသောက်သူများထက် နှစ်ဆများပြားသည်ကို တွေ့ရပေသည်။ ဆေးလိပ်သောက်သုံးခြင်းသည် ခန္ဓာကိုယ်၊ လက်၊ ခြေများရှိ သွေးကြောများကျဉ်းသည့်ရောဂါကိုဖြစ်စေသော အဓိကအကြောင်းအရာဖြစ်ပြီး ယင်းရောဂါကြောင့် လက်နှင့် ခြေထောက်ရှိ ကြွက်သားများသို့ သွေးပေးပို့သော သွေးလွှတ်ကြောများ ကျဉ်းမြောင်းသွားလေသည်။

အမျိုးသမီးများအတွက်မူကား တစ်မူထူးခြားသည်။ ၃၅ နှစ်ကျော် အမျိုးသမီးများတွင် ဆေးလိပ်သောက်သူများနှင့် ပဋိသန္ဓေတားဆေးစားသုံးသူများသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေထောက်သွေးကြောတွင် သွေးခဲသောရောဂါများ ဖြစ်နိုင်ခြေရှိသူများ ဖြစ်လေသည်။ ကိုယ်ဝန်ပျက်ခြင်း၊ ပေါင်ချိန်မပြည့်သော ကလေးမွေးဖွားခြင်းတို့လည်း ဖြစ်တတ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၂ ခုနှစ်ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ခြောက်သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားသည့် ရောဂါများကြောင့် သေဆုံးလျက်ရှိကြပြီး ၎င်းတို့အထဲမှ ခြောက်သိန်းကျော်သည် သူတစ်ပါး၏ဆေးလိပ်ငွေ့ကြောင့် သေဆုံးရခြင်းဖြစ်သည်။ သက္ကရာဇ် ၂၀၃၀ ခုနှစ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် လူရှစ်သန်းကျော်သေဆုံးမည်ဟု ခန့်မှန်းရပြီး ၎င်းတို့အနက်မှ ၈၀ ရာခိုင်နှုန်းကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်သူများဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောင်းသား ကျောင်းသူများအတွက် စီးကရက် သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ် စစ်တမ်း (Global Youth Tobacco Survey 2001) အရ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းကျောင်းသား ကျောင်းသူများ၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ် စစ်တမ်းအရ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာသော်လည်း ၂၀၁၁ ခုနှစ် စစ်တမ်းတွင်မူ ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရသည်။ ထို့ပြင် မြန်မာကျောင်းသားလူငယ်များအတွင်း ဆေးရွက်ကြီးပါသော ကွမ်းစားသုံးမှုလည်း မြင့်တက်လာကြောင်း တွေ့ရှိရသည်။

ကြီးထွားလာသော ဆေးလိပ်၊ ဆေးရွက်ကြီးထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းများ

ဆေးရွက်ကြီးစိုက်ပျိုးမှုသည် ဆေးရွက်ကြီး၊ ဆေးလိပ်၊ စီးကရက်သုံးစွဲမှု၏ အစပင်ဖြစ်သည်။ ဆေးရွက်ကြီးကို နိုင်ငံပေါင်း ၁၂၄ နိုင်ငံတွင် စိုက်ပျိုးမြေ ဟက်တာပေါင်း ၃ ဒသမ ၈ သန်းကျော် စိုက်ပျိုးလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဆေးရွက်ကြီးထုတ်လုပ်မှုသည် ၁၉၉၇ ခုနှစ်တွင် တန်ချိန်ပေါင်း ကိုးသန်းကျော်ဖြင့် အမြင့်ဆုံးရောက်ရှိခဲ့ပြီး ပြန်လည်ကျဆင်းခဲ့ရာ ၂၀၀၉ ခုနှစ်တွင် လေးပုံတစ်ပုံခန့် လျော့နည်းသွားပြီး တန်ချိန်ပေါင်း ၇ ဒသမ ၁ သန်း ရှိခဲ့သည်။

ဆေးရွက်ကြီးကို ယခင်က စီးပွားရေးဖွံ့ဖြိုးမှုနည်းသော နိုင်ငံများတွင် အဓိကစိုက်ပျိုးကြပြီး အစားအစာထက် ဆေးရွက်ကြီးကို ပိုမိုစိုက်ပျိုးသောကြောင့် အာဟာရချို့တဲ့မှု၏ အကြောင်းတစ်ရပ်လည်း ဖြစ်နေပါသည်။ ၂၀၀၉ ခုနှစ်တွင် ဆေးရွက်ကြီးထုတ်လုပ်မှု အများဆုံးနိုင်ငံများအနက် ခြောက်နိုင်ငံတွင် အာဟာရချို့တဲ့မှုနှုန်း ၅ ရာခိုင်နှုန်းမှ ၂၇ ရာခိုင်နှုန်းရှိခဲ့သည်။ တစ်ဖက်တွင် ဆေးရွက်ကြီး တစ်တန်ထွက်လျှင် အာလူး ၁၄ ဒသမ ၆ တန်ထွက်ရှိခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ဆေးရွက်ကြီးထုတ်လုပ်မှု ထိပ်တန်းနိုင်ငံဖြစ်သော မာလာဝီနိုင်ငံတွင် အာဟာရချို့တဲ့မှုနှုန်း ၂၇ ရာခိုင်နှုန်းရှိခဲ့သည်။

ဆေးရွက်ကြီးစိုက်ပျိုးမှုသည် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးများ သက်ရောက်စေသည်။ ဆေးရွက်ကြီးများကို တာရှည်ခံစေရန် လိုအပ်သော လောင်စာထင်းများနှင့် အခြောက်လှန်းရန် သစ်ပင်များ ခုတ်ယူသောကြောင့် သစ်တောများ ပြုန်းတီးလာရသည်။ နှစ်စဉ်နှစ်တိုင်း သစ်တောဟက်တာပေါင်း နှစ်သောင်းကျော်ကို ဆေးရွက်ကြီးလုပ်ငန်းများအတွက် သုံးစွဲခဲ့ကြသည်။ ဆေးရွက်ကြီးသည် မြေဆီလွှာ၏အာဟာရများကို စုပ်ယူလိုက်သောကြောင့် အားဖြည့်ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအမြောက်အမြားကို ဆေးရွက်ကြီးထုတ်လုပ်မှုတွင် အသုံးပြုရသဖြင့် စိုက်ပျိုးလုပ်ကိုင်သူများအပြင် ပတ်ဝန်းကျင်ကိုပါ ညစ်ညမ်းစေပါသည်။ ဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့် ဆေးလိပ်ကုမ္ပဏီကြီးများသည် ဆေးရွက်ကြီး စိုက်ပျိုးခြင်းကြောင့် ဖြစ်ပေါ်လာသော သစ်တောပြုန်းတီးခြင်းနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ဖုံးကွယ်လျစ်လျူရှုထားကြသည်။ ဆေးလိပ်ကုမ္ပဏီများသည် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ အသုံးပြုမှုများကို လျှို့ဝှက်ကူညီအားပေးပြီး ဆေးရွက်ကြီးစိုက်ပျိုးသူများအား သစ်တောပြုန်းတီးမှုတွင် ဆေးရွက်ကြီး တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှု၏အခန်းကဏ္ဍ မပါဝင်သယောင်ပြောဆိုကာ ဆေးရွက်ကြီး စိုက်ပျိုးခြင်းကြောင့် စီးပွားရေးတိုးတက်မှုအကြောင်း ပုံကြီးချဲ့ကြသည်။ ဆေးလိပ်ကုမ္ပဏီများသည် တန်ခိုးဩဇာရှိသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို လှူဒါန်းပံ့ပိုးမှုများပြုလုပ်ကာ ဆေးရွက်ကြီးသောက်သုံးမှုလျှော့ချရေးအစီအစဉ်များ၏အရှိန်ကို နှေးကွေးစေပါသည်။

ကမ္ဘာပေါ်တွင် စီးကရက်ထုတ်လုပ်သောစက်ရုံပေါင်း ၅၀၀ ကျော်ရှိပြီး နှစ်စဉ်နှစ်တိုင်း စီးကရက် ၆ ကုဋေနီးပါး ထုတ်လုပ်လျက်ရှိပြီး အကြမ်းအားဖြင့် လွန်ခဲ့သော ဆယ်စုနှစ်ကထက် ၁၃ ရာခိုင်နှုန်း ပိုများသည်။ ၂၀၁၀ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း စီးကရက်များကို နိုင်ငံအများစုက ထုတ်လုပ်ပြီး ငါးစက္ကန့်တိုင်းတွင် စီးကရက်တစ်သန်း ထုတ်လုပ်လျက်ရှိသည်။

ဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့် ဆေးလိပ်ကုမ္ပဏီများသည် မိတ်ဖက်အဖွဲ့အစည်းများကို ဖွဲ့စည်းကာ နည်းဗျူဟာအမျိုးမျိုးဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့သည် အားကစားပွဲများနှင့် အခြားပွဲတော်များကျင်းပခြင်း စသည့် လူမှုရေးအရ လက်ခံနိုင်သော အခြားနည်းလမ်းများကို အသုံးပြုကြသည်။ သိပ္ပံပညာရှင်များနှင့် သုတေသနများအတွက် ငွေကြေးပံ့ပိုးကူညီပေးပြီး ပညာရှင်တို့၏ အကာအကွယ်ကိုယူကာ အချို့ကဏ္ဍများတွင် ၎င်းတို့အကျိုးစီးပွားအတွက် ထောက်ခံစေခြင်း၊ ဆေးရွက်ကြီး၏ ဆိုးကျိုး မပေါ်လွင်သောစာတမ်းများ တင်သွင်းခြင်း၊ ပုံနှိပ်ဖြန့်ဝေခြင်း စသည်ဖြင့် လူအများသိစေရန် ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ဆေးလိပ်ကုမ္ပဏီများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေးနှင့် အလုပ်သမားမူဝါဒ စသည့် လူမှုရေးလုပ်ငန်းများနှင့် ပံ့ပိုးကူညီလှူဒါန်းမှုများကို အလေးပေးလာကြသည်။ ထိုလုပ်ရပ်များကြောင့် ဆေးလိပ်ကုမ္ပဏီများသည် ၎င်းတို့၏ ဂုဏ်သိက္ခာကို အဖတ်ဆယ်ခြင်း၊ အလုပ်သမားများ၏ စိတ်ဓာတ်ရေးရာ တိုးတက်လာခြင်း၊ ကုမ္ပဏီ၏ဈေးကွက်တန်ဖိုးတက်လာခြင်း စသည့်အကျိုးများ ခံစားရပါသည်။ ၎င်းတို့သည် သူတစ်ပါးဆေးလိပ်ငွေ့ကြောင့် ရောဂါဆိုးများခံစားရခြင်းကို ဖုံးကွယ်ရန် အများပြည်သူလူထုအတွင်း ဆေးလိပ်သောက်ခြင်းကို ကန့်သတ်ပိတ်ပင် တားမြစ်ခြင်းသည် စီးပွားရေးဆုတ်ယုတ်မှုကို ဖြစ်စေနိုင်ကြောင်း မိမိလိုရာဆွဲပြောဆိုကြသည်။

ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ လှုပ်ရှားမှုများကို ဆန့်ကျင်တိုက်ဖျက်သူများသည် ၎င်းတို့၏ အစီအစဉ်များကို စဉ်ဆက်မပြတ် အကဲခတ်လေ့လာပြီး တန်ပြန်နည်းဗျူဟာများကို ဆောင်ရွက်နေသော်လည်း စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေရပါသည်။ တရားမဝင်စီးကရက်ရောင်းဝယ်ဖောက်ကားမှုသည် ကမ္ဘာ့စီးကရက်ဈေးကွက်၏ ၉ ဒသမ ၁၁ ရာခိုင်နှုန်းရှိပြီး ယေဘုယျအားဖြင့် ၎င်းရာခိုင်နှုန်းသည် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများတွင် သိသိသာသာ မြင့်တက်နေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ဆေးလိပ်လုပ်ငန်း ဆွဲဆောင်မှုကို တန်ပြန်ဟန့်တားရန် လမ်းညွှန်ချက်များ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ဆေးရွက်ကြီး ထုတ်လုပ်သူများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ လှုပ်ရှားမှုများကို တုံ့ပြန်နိုင်ရန်အတွက် နည်းဗျူဟာများကို ချမှတ်ထားပြီး ပထမဦးစားပေးအနေဖြင့် အောက်ဖော်ပြပါ ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ လှုပ်ရှားမှုများကို သိရှိကာကွယ်ကြရန် လမ်းညွှန်ထားပါသည်။

- မိမိတို့ဒေသရှိ ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာခြင်း
- ပြည်သူလူထုပါဝင်လာစေရန် အသိပေးခြင်း
- သက်သေသာဓကများကို စုဆောင်းအသုံးပြုခြင်း
- ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု၏ အမှန်တရားများကို အမာခံဆန့်ကျင်သူများသုံး၍ ပြောပြစေခြင်း
- နိုင်ငံတကာအတွေ့အကြုံများမှ သင်ခန်းစာများကို ထည့်သွင်းအသုံးပြုခြင်း
- ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ လှုပ်ရှားမှုများ၊ ငြင်းဆိုမှုများ၊ ယုံတမ်းစကားများကိုဖော်ပြခြင်း
- ဆေးလိပ်နှင့်ဆေးရွက်ကြီးဆန့်ကျင်မှုအဖွဲ့များကို စနစ်တကျဖွဲ့စည်းခြင်း
- ဆေးလိပ်နှင့်ဆေးရွက်ကြီးဆန့်ကျင်မှုနည်းလမ်းများကို သိရှိစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ဥပဒေကို လိုက်နာရန် တင်းကျပ်ခြင်း
- ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ လှုပ်ရှားမှုများကို သိသာအောင် ဆောင်ရွက်ခြင်း
- ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ လှုပ်ရှားမှုများကို ထိန်းချုပ်ခြင်း
- ဥပဒေချိုးဖောက်မှုကြောင့် ဖြစ်ပွားသော တရားရုံးအမှုများကို သုံးသပ်လေ့လာခြင်းတို့ စနစ်တကျဆောင်ရွက်ရပါမည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (WHO FCTC) အခန်း(၅. ၃)တွင် ကမ္ဘာ့နိုင်ငံများသည် ဆေးလိပ်လုပ်ငန်းများ၏ ဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူ့ကျန်းမာရေး မူဝါဒများအား ဟန့်တားနှောင့်ယှက်ခြင်းကို ကာကွယ်ရန် ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းစင်ရေး ဆောင်ရွက်ချက်များ

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ပညာပေးခြင်းလုပ်ငန်းများဖြစ်သည့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင် တားမြစ်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများထည့်သွင်းခွင့်မပြုခြင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက်ရနယ်မြေအဖြစ် သတ်မှတ်ခြင်း စသည်တို့ကို သက်ဆိုင်ရာဌာနများ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ကာ ၂၀၁၁ ခုနှစ် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ၁၅-၃-၂၀၁၂ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁၆/၂၀၁၂ ဖြင့် ကုန်သွယ်လုပ်ငန်းခွန်အဖြစ် စီးကရက်အတွက် ၁၀၀ ရာခိုင်နှုန်း၊ ဆေးပေါ့လိပ်၊ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး၊ ဆေးတံသောက်ဆေးများနှင့် ကွမ်းစားဆေးများအား ၅၀ ရာခိုင်နှုန်း တိုးမြှင့် သတ်မှတ်ခဲ့ပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ

နိုင်ငံတော်အစိုးရအနေနှင့် ၂၀၀၆ ခုနှစ် မေ ၄ ရက်မှ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၆)အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ဥပဒေတွင် ကွန်ဗင်းရှင်းပါ နေရာများသတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝ ပိတ်ပင်တားမြစ်ခြင်း အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို တားမြစ်ခြင်း၊ ဆေးလိပ်ထုပ်ပိုးရာတွင် ကျန်းမာရေးသတိပေးချက် ပါရှိစေခြင်း စသည်တို့ ပါဝင်ပါသည်။ ဥပဒေသည် ၂၀၀၇ ခုနှစ် မေ ၄ ရက်မှ စတင်အာဏာသက်ဝင်ပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများအနေနှင့် ဌာနအလိုက် ညွှန်ကြားချက်များထုတ်ပြန်သွားကြရန် ဖြစ်ပါသည်။

အများပြည်သူတို့ သူတစ်ပါးဆေးလိပ်ငွေ့ ရှူရှိုက်ရခြင်း အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများနှင့် အကန့်အသတ်ဖြင့် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများသတ်မှတ်ခြင်းနှင့် အောက်ပါဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့် ဆေးလိပ်ကုမ္ပဏီများ လိုက်နာရမည့် အချက်များကို ဥပဒေမှာ အသေးစိတ်ဖော်ပြထားရှိပါသည်။

(က) ဆေးလိပ်ထုပ်တွင်ဖော်ပြရမည့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းနှင့် အခြားသတိပေးချက်များကို သတ်မှတ်ချက်များနှင့်အညီ ဖော်ပြခြင်းမရှိဘဲ ဆေးလိပ်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ခ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းတွင်ဗဟိုအဖွဲ့က သတ်မှတ်သော အဆိပ်အတောက်ဖြစ်စေသည့် ဓာတ်ပစ္စည်းအာနိသင်ထက် လျော့ပါးပါဝင်သည်ဟု မမှန်မကန်ဖော်ပြပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို ထုတ်လုပ်ခြင်း ယင်းသို့ ဖော်ပြထားသည်ကို သိလျက်ဖြင့် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ဂ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို စီးပွားရေးအလို့ငှာ အမှတ်တံဆိပ်မပါရှိဘဲ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းတစ်ခုခု၏ အမှတ်တံဆိပ်ဖော်ပြထားသော အခြားကုန်ပစ္စည်းတစ်ခုခုကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(င) ဆေးလိပ်ပုံသဏ္ဌာန်ပြုလုပ်ထားသော ကစားစရာပစ္စည်း၊ စားသောက်ဖွယ်ရာ သို့မဟုတ် အသုံးအဆောင်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

ဥပဒေပါအချက်အလက်များကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်ဒဏ်ကျခံရမှာ ဖြစ်သည့်အတွက် ဥပဒေပါအချက်အလက်များကို လုပ်သားပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိသဘောပေါက်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

ဆေးလိပ်လုပ်ငန်းဆွဲဆောင်မှု ရပ်တန့်နိုင်ဖို့ ဒို့ရှေးရှု

သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွှယ်ဌာနအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် မိမိတို့ မိသားစုအတွင်း၊ ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း၊ ကျောင်းအတွင်းမှသည် တစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ် ကင်းဝေးရေးအတွက် ဆေးလိပ်လုပ်ငန်းများ၏ ဆွဲဆောင်မှုကို သတိထားကာကွယ်၍ အောက်ပါအချက်များအား လိုက်နာကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းတိုက်ဖျက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

* ဆေးလိပ်၊ ဆေးရွက်ကြီးကို အစပြုလျှင် စွဲတတ်သည်။ ထို့ကြောင့် ဆေးလိပ်ကို လုံးဝ အစမပြုပါနှင့်။
* ကွမ်းဆေးမစားပါနှင့်၊ ဆေးရွက်ကြီးမငုံပါနှင့်။
* မိဘပြည်သူများက သားသမီးများနှင့် ကလေးသူငယ်များကို ဆေးလိပ် အစမပြုမိကြစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြပါ။ သတိပေးကြပါ။
* ဆေးလိပ်သောက်မိလျှင်၊ စွဲနေလျှင် ဖြတ်နိုင်ရန် ကြိုးစားပါ။ နီးစပ်ရာ ကျန်းမာရေးဌာနတွင် တိုင်ပင်ပြသပါ။
* ကျန်းမာရေးပညာရှင်များနှင့် ကျန်းမာရေးအသိရှိသူတိုင်းက စံပြနမူနာအဖြစ် ဆေးလိပ်၊ ဆေးရွက်ကြီးကို ရှောင်ကြဉ်ကြပါ။ လူနာများ၊ လူနာမိသားစုများ၊ ပြည်သူများကို ပညာပေးစည်းရုံးပါ။
* ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို လူတိုင်းလိုက်နာဆောင်ရွက်ကြရန်။

ဗုဒ္ဓယဉ်ကျေးမှုပွဲတော်သို့ တက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (ထုတ်လုပ်ဌာနခွဲ) ဦးသန်းဝင်းဆွေနှင့်အဖွဲ့ဝင် ၁၀ ဦးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၃၁ ရက်မှ ဇွန် ၂ ရက်အထိ ကျင်းပမည့် ဗုဒ္ဓပွင့်တော်မူသည့် (၂၆၀၀)ပြည့်နှစ်အထိမ်းအမှတ် ဗုဒ္ဓယဉ်ကျေးမှုပွဲတော် (Buddhist Wisdom Performance) သို့ ပါဝင်တက်ရောက်ရန်အတွက် မေ ၂၉ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံသို့လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကြို့ကုန်း(၁)ကျေးရွာအုပ်စု ဆင်အိုင်ရွာမရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၂၆ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေး၊ ကျောင်းအုပ်ဆရာကြီး ဦးအုန်းမောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

အုတ်ဖိုမြို့၌ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

အုတ်ဖို မေ ၃၀

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ကိုယ်စားပြု တောင်သူပညာပေးစံပြစိုက်ခင်း ကင်မွန်းခြံအုပ်စု လယ်သမားဦးတိုးဝင်းအောင်၏ နွေစပါးစိုက်ခင်း ပုလဲသွယ်စပ်မျိုးစပါး ၅ ဧကတွင် မေ ၂၆ ရက်က နွေစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပရာ သာယာဝတီခရိုင်စိုက်ပျိုးရေးဦးစီးမှူးဦးဌေးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးထွန်း၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများ တက်ရောက်လေ့လာကြသည်။

အဆိုပါ နွေစပါးစံကွက်ကို ရိတ်သိမ်းရာ၌ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၅၄ ဒသမ ၆ တင်းထွက်ရှိခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြောင်မြင်းခေါ် ရှားပါးသတ္တဝါတစ်ကောင်တွေ့ရှိ

တောင်ငူ မေ ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အရှေ့ဘက် သောင်းတိုင်ကုန်းကျေးရွာ သောင်းတိုင်ကုန်း ရွာဦးဘုန်းကြီးကျောင်း၌ "ကြောင်မြင်း"ခေါ် ရှားပါးသတ္တဝါတစ်ကောင် **(အောက်ပုံ)**ကို တွေ့ရပြီး ဖမ်းဆီးမွေးမြူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကြောင်မြင်းကို မေ ၁၈ ရက် နံနက် ၅ နာရီတွင် ကျောင်း ခြံစည်းရိုးထောင့်ရှိ ဝါးရုံတောတွင် တွေ့ရှိရသဖြင့် ဖမ်းဆီး မွေးမြူထားခြင်း ဖြစ်ကြောင်းနှင့် အဆိုပါ ရှားပါးသတ္တဝါမှာ အလေးချိန် လေးပိဿာခန့်ရှိကြောင်း သိရှိရသည်။ **(၁၂၃)**

ဇမ္ဗူသီရိမြို့နယ်အတွင်းက ကျေးရွာများ ရေမြင့်ကြာတင့် လူမှုဘဝအဆင့်မြင့်

သတင်းဆောင်းပါး
မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း
စိုးမြင့်နိုင်

နေပြည်တော် မေ ၃၀

မြန်မာနိုင်ငံ၏ မြို့တော်ကို နေပြည်တော်သို့ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း နေပြည်တော်အနီးဝန်းကျင်မှ ကျေးရွာများသည် ရေမြင့်တော့ ကြာတင့် ဆိုသလို မယုံကြည်နိုင်အောင်ပင် တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည်။

ပြန်ကပြေးကျေးရွာနှင့် ဆိတ်နံ့တုန်းကျေးရွာအကြား ဆက်သွယ်ထားသည့် ငလိုက်ချောင်းကူး အောင်ဇမ္ဗူတံတားကို ဤသို့တွေ့ရသည်။

နေပြည်တော် နယ်နိမိတ်ဟု သတ်မှတ်ထားသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ဟောင်းသုံးမြို့နှင့် မြို့သစ် ငါးမြို့ပါဝင်သည်။ မြို့ဟောင်းသုံးမြို့မှာ ပျဉ်းမနားမြို့၊ တပ်ကုန်းမြို့နှင့်လယ်ဝေး မြို့များဖြစ်၏။ မြို့သစ်ငါးမြို့မှာ ဇမ္ဗူသီရိမြို့၊ ဥတ္တရသီရိမြို့၊ ဒက္ခိဏသီရိမြို့၊ ပုဗ္ဗသီရိမြို့နှင့် ဇေယျာသီရိမြို့တို့ဖြစ်ကြသည်။

နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည်နှင့်အညီ သန့်ရှင်းမှု၊ သာယာမှု၊ လှပမှုဖြစ်စေရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီက ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။ ဤသို့ ကြိုးပမ်း ဖော်ဆောင်လျက်ရှိရာတွင် နေပြည်တော်၏ မြို့ပြအလှအပကို သာမက နေပြည်တော်နှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိနေသောကျေးရွာများ၏ လိုအပ်ချက်အဝဝကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပေသည်။

အထူးသဖြင့် ကျောင်းများမကောင်းသည်ကို ကျောင်းများကောင်းအောင် ပြုပြင်ပေးသည်။ ကျောင်းဆောင်သစ်များဆောက်လုပ်ပေးသည်။ ကျောင်းများ အဆင့်မြှင့်တင်ပေးသည်။ ထို့ပြင်မက ကျေးရွာချင်းဆက်လမ်းများ၊ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင် လည်းစီမံပေးသည်။ အချို့သော ကျေးရွာများတွင် လျှပ်စစ်မီးနှင့် သောက်သုံးရေကောင်း ရေသန့်များ ရရှိရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဤသို့ နေပြည်တော်အနီးဝန်းကျင်ရှိ ကျေးရွာများသည် မြို့ပြနှင့်အညီ ဖွံ့ဖြိုးလာစေရေးအတွက် အချို့ကျေးရွာများ၊ အချို့လမ်းများ၊ အချို့နေအိမ်များကို ပြန်လည်နေရာချပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်စဉ် ပြည်သူများနစ်နာမှု မဖြစ်စေရေးအတွက် မြေကွက်များ အစားပြန်ချပေးခြင်း၊ လျော်ကြေးပေးသင့်သည်များကိုပေးခြင်းရှိကြောင်း ကြားသိရသည်။ မည်သို့ပင်ဖြစ်စေ နေပြည်တော်အနီးဝန်းကျင်ရှိ ကျေးရွာများကို မြို့ပြနှင့်အညီ တိုးတက်လာစေရေးအတွက် အဘက်ဘက်မှပြည့်စုံအောင် နိုင်ငံတော်မှ ဖြည့်ဆည်းကူညီပေးလျက်ရှိသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် နေပြည်တော်၏ ဗဟိုအချက်အချာကျရာ မြို့တစ်မြို့ဖြစ်သည့် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ကျေးရွာများ၏ မြို့ပြနှင့်အမီ ပြောင်းလဲတိုးတက်မှုများကို ကိုယ်တိုင်သွားရောက် လေ့လာခွင့်ရခဲ့သည်။ ဇမ္ဗူသီရိမြို့နယ်အတွင်း ပြန်ကပြေး၊ ပြန်ကပြေးလေး၊ ညောင်ပင်ဝိုင်း၊ တောက်ထိန်၊ လက်ပံခါးလှ၊ ကြံပိုစုနှင့် အောင်ချမ်းသာဟူသော ရွာကြီးခုနစ်ရွာရှိသည်။ ထိုရွာများသည်ကား မြို့ပြနှင့်မခြား တိုးတက်လာပြီဖြစ်သည်။

ဦးစွာ မြန်မာ့အလင်းသတင်းအဖွဲ့သည် အောင်ချမ်းသာကျေးရွာသို့ ရောက်ရှိလေ့လာခဲ့သည်။ ရွာဦးထိပ်တွင် သစ်လွင်လှပနေသော မူလတန်းလွန်ကျောင်းသစ်ကိုတွေ့ရသည်။ "ကျွန်တော်တို့ အောင်ချမ်းသာရွာမှာအိမ်ခြေ ၆၀၀ ကျော် ရှိပါတယ်။ နေပြည်တော်ဖြစ်လာပြီးတဲ့နောက် ကျွန်တော်တို့ရွာမှာ လမ်းတွေ ကျောက်ချောလမ်းတွေဖြစ်ကုန်ပြီ။ အိမ်တိုင်းနီးပါး ခနိမိုးထရံကာ အဆင့်ကနေသွပ်မိုးအိမ်တွေဖြစ်ကုန်ပြီ။ လျှပ်စစ်မီး လင်းအိမ်ခြေ ၂၀၀ကျော်ရှိနေပြီ။ အထူးသဖြင့် မူလတန်းလွန်ကျောင်းလေး ဖွင့်လှစ်ပေးနိုင်သည့်အတွက် ရွာမှ ကလေးတွေ အိုးမကွာအိမ်မကွာ ပညာသင်ကြားနိုင်ပြီ။ ဒီကျောင်းလေးက လက်ရှိ သမ္မတကြီး ဝန်ကြီးချုပ်ဘဝက ရွာကိုလာတုန်း ဆောက်လုပ်ပေးဖို့ စီစဉ်ပေးခဲ့တာဖြစ်ပါတယ်"ဟု အောင်ချမ်းသာကျေးရွာ ရပ်မိ ရပ်ဖ တစ်ဦးဖြစ်သည့် ဦးဝင်းကျော်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

အောင်ချမ်းသာကျေးရွာ မူလတန်းလွန်ကျောင်းကို ဤသို့တွေ့ရသည်။

ဆောင်ရွက်ပေး

ထိုမှတစ်ဆင့် မြန်မာ့အလင်းသတင်းအဖွဲ့သည်လက်ပံခါးလှနှင့် ကြံပိုစုကျေးရွာများသို့ ရောက်ရှိလေ့လာခဲ့သည်။ ထိုရွာနှစ်ရွာသည် ပျဉ်းမနား-တောင်ညိုကားလမ်းဘေး တစ်ဖက်တစ်ချက်တွင်ရှိသည့် ရွာများဖြစ်သည်။ ထိုရွာများသည် ရွာဟု ကင်ပွန်းတပ်ထားသော်လည်း မြို့ပေါ်ရပ်ကွက်များအဖြစ် တိုးတက်ပြောင်းလဲလာသော ရွာများပင်ဖြစ်၏။ "ကျွန်တော်တို့ လက်ပံခါးလှကျေးရွာမှာ အိမ်ခြေ ၄၆၃အိမ် မီးလင်းပြီ၊ လမ်းဆိုလည်းကောင်းပြီ။ လက်ပံခါးလှ အမက အမှတ်(၁၄၀)ကို မူလတန်းလွန်ကျောင်းအဖြစ် ၂၀၁၁ခုနှစ် ဇွန်လက တိုးမြှင့်ပေးခဲ့ပါတယ်။ ကျောင်းဆိုလည်း မူလကျောင်းဟောင်းကသွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းကျောင်းဖြစ်နေပြီ။ ဒါတွေအားလုံး နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်"ဟုလက်ပံခါးလှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းကရှင်းပြသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် ပြန်ကပြေးကျေးရွာသို့ ရောက်ရှိသည်။ ဤကျေးရွာသည် ကားလမ်းအဝိုင်းတစ်ခုအနီး၌ တည်ရှိပြီး နေပြည်တော်၏ အချက်အချာကျရာ ဒေသတစ်ခုဖြစ်သည်။ "ကျွန်တော်တို့ ပြန်ကပြေးကျေးရွာမှာ အိမ်ခြေ ၄၀၀၀ နီးပါးရှိပါတယ်။ ပညာရေးအနေနဲ့ ပြန်ကပြေး အထက (ခွဲ)မှ အထက (၂၂)အဖြစ် ၁၄-၁၀-၂၀၁၁ ခုနှစ်မှာ တိုးမြှင့်ပေးခဲ့ပါတယ်။ ကျောင်းအတွင်း ပေ ၄၀၀ အနက်ရှိ လေးလက်မ အဝီစိတွင်းကိုလည်း နိုင်ငံတော်က ငွေကျပ် ၆၂ သိန်း အကုန်အကျခံပြီး တူးပေးခဲ့ပါတယ်။ အကျယ် ၁၈ ပေ၊ အရှည်ပေ ၃၀၀၀ ရှိ ရွာလယ်လမ်းမကြီးကိုလည်း ကတ္တရာလမ်းအဖြစ် ခင်းပေးခဲ့ပါတယ်။ ဒါ့အပြင် ငလိုက်ချောင်းကူးတံတား တစ်စင်းဖြစ်တဲ့ ပြန်ကပြေးနဲ့ ဆိတ်နံ့တုန်းကျေးရွာတို့ အကြားဆောက်လုပ်ထားတဲ့ အောင်ဇမ္ဗူလို့ အမည်ပေးထားတဲ့ ဘေလီတံတားကိုလည်း ၂၆-၂-၂၀၁၂ ရက်မှာ ဖွင့်လှစ် ပေးခဲ့ပါတယ်" ဟု ပြန်ကပြေး ကျေးရွာ ရပ်မိရပ်ဖ တစ်ဦးဖြစ်သည့် ဦးတင်ဝင်းက ရှင်းပြသည်။

ရှင်းပြ

ထိုမှတစ်ဖန် တောက်ထိန်ကျေးရွာသို့ ရောက်ရှိသည်။ ဤကျေးရွာသည် နေပြည်တော်ကောင်စီရုံးအနီးတွင် တည်ရှိသည်။ "ကျွန်တော်တို့ တောက်ထိန်ကျေးရွာမှာ အိမ်ခြေ ၂၀၀ ကျော်ရှိပါတယ်။ နေအိမ်အများစုမှာ လျှပ်စစ်မီးရပါတယ်။ လမ်းတွေကို ကျောက်ချောလမ်းအဖြစ် ခင်းပေးထားပါတယ်။ကျွန်တော်တို့ရွာဟာ မြို့မဟုတ်သော်လည်း မြို့နှင့်အနီးဆုံးနေရာမှာရှိနေတဲ့အတွက် လမ်းတွေ ကောင်းအောင် ဆောင်ရွက်ပေးပါတယ်။ ဒီအတွက် နိုင်ငံတော်ကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်"ဟု တောက်ထိန်ကျေးရွာ ရပ်မိရပ်ဖ ဦးသက်မြင့်ဦးက ရှင်းပြသည်။

ထို့ကြောင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျေးရွာများသည် နိုင်ငံတော်က မြို့ပြနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေ၍ နိုင်ငံတော်က လိုအပ်သည်များ ဖြည့်ဆည်းကူညီပေးလျက်ရှိသည်။

ယခုအခါ ကျေးရွာတွင်းလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ချောင်းကူး မြောင်းကူး တံတားများ တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ကျေးရွာတိုင်းနီးပါး လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။ နေပြည်တော်သည် နိုင်ငံ၏ မြို့တော်ဖြစ်လာသည်နှင့်အမျှ အနီးဝန်းကျင်မှကျေးရွာများသည်လည်း ရေမြင့်ကြာတင့်၍ လူမှုဘဝများ တိုးတက်မြင့်မားလာနေပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

ဆုချီးမြှင့်

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆုချီးမြှင့်ပွဲအခမ်းအနားကို မေ၂၇ ရက်က မိုးကောင်းစေတီတော် အရိယမဓ္ဓာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင် အထူးအောင် သင်တန်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၀၄၃)

မြန်မာ့အလင်း ဘဝတစ်ကွေ့ အတွေ့အကြုံ

ကိုးမိနစ်အကြာ ငွေစုဘဏ် (၁)မှာ

ကိုဇော်

မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၁)သို့ ၂၁-၅-၂၀၁၂ ရက်က ရောက်ခဲ့ပါတယ်။ ဘဏ်ကိုရောက်တော့ နာရီကိုကြည့်ရာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ရှိပါပြီ။ ဘဏ်အဝင်ဝကိုရောက်သည့်အခါ ပုဂ္ဂလိကဘဏ်များကဲ့သို့ "မင်္ဂလာပါ"ဟု ကြိုဆိုနှုတ်ဆက်မည့်သူမရှိ အဝင်ဝစားပွဲတွင် ထိုင်နေသည့် အမှုထမ်းအမျိုးသမီးလေးက "ငွေသွင်းငွေထုတ်ဖောင်ပုံစံ ဒီမှာယူလို့ရပါတယ်၊ ဝယ်စရာမလိုပါဘူးရှင်"ဟု ပြောရာ ဖောင်ပုံစံတစ်ရွက်ကိုယူ၍ ငွေထုတ်ကောင်တာတွင် ဖြည့်လိုက်ပါတယ်။ ဖြည့်ပြီး၍ ငွေထုတ်ကောင်တာဆိုင်းဘုတ်အတွင်းသို့ ကြည့်လိုက်ရာ အမျိုးသား အမှုထမ်းတစ်ဦးနှင့် လက်ထောက်မန်နေဂျာ အမျိုးသမီးအရာထမ်းတစ်ဦးတို့ ယှဉ်၍ထိုင်နေသည်ကို တွေ့ရပါတယ်။ မိမိလည်း ဖြည့်ပြီးသည့်ဖောင်ကို အမျိုးသားဝန်ထမ်းလက်သို့ ပေးလိုက်ရာ ၎င်းကဖြည့်ထားသည့် ဖောင်ကိုကြည့်ပြီး နံဘေးရှိ လက်ထောက်မန်နေဂျာ အမျိုးသမီးထံပေးလိုက်ပါတယ်။ အရာထမ်းအမျိုးသမီးကလည်း ဖောင်ကိုကြည့်ပြီး မိမိအမည်ကိုခေါ်ကာ လက်မှတ် နှစ်နေရာ ထိုးခိုင်းပြီး သူ့ရှေ့ရှိ ကွန်ပျူတာနှင့် တိုက်ဆိုင်စစ်ဆေးနေတာကို တွေ့ရပါတယ်။ မကြာမီ အမျိုးသားအမှုထမ်းက မိမိအမည်ကိုထပ်မံခေါ်၍ လက်မှတ်တစ်နေရာထိုးခိုင်းကာ မိမိထုတ်ယူမည့်ငွေကို ထုတ်ပေးပါတယ်။ မိမိငွေကို ရေတွက်ကြည့်ပြီး လက်မှ နာရီကိုကြည့်ရာ မွန်းလွဲ၁၂ နာရီ ၁၉ မိနစ်ရှိပါပြီ။ ငွေလာထုတ်တာ ကိုးမိနစ်သာကြာပါတယ်။ ယခင် အကြိမ်များက လက်မှတ်မတူဟုဆိုကာ အမျိုးမျိုးပြောဆိုနေ၍ တာဝန်ခံအရာရှိနှဲ့တွေ့မယ်ဟု ပြောမှသာ ငွေထုတ်ပေးခဲ့ပါတယ်။ အနည်းဆုံး မိနစ် ၂၀၊ နာရီဝက်ခန့်ကြာပါတယ်။ ယခုတော့ ယခင်လိုမဟုတ်တော့ပါ။ ကိုးမိနစ်သာကြာပါတယ်။ မိမိရှေ့တွင်ငွေထုတ်သူနှစ်ဦးရှိရာ တစ်ဦးက ကျပ်နှစ်သိန်းနှင့် ကျန်တစ်ဦးက ကျပ် ၁၆ သိန်းထုတ်ယူခြင်းဖြစ်ပါတယ်။ ယခုတစ်ကြိမ်ဟာ အချိန်အတိုဆုံးနှင့် အကောင်းဆုံးဝန်ဆောင်မှုကို ရရှိခြင်းဖြစ်ပါတယ်။

ဆိုလိုသည်မှာ ပုဂ္ဂလိကဘဏ်ကဲ့သို့ ကော်ဖီတိုက်စရာမလိုပါ၊ နှုတ်ခွန်းဆက်စရာလည်းမလိုပါ။ ဘဏ်သို့ရောက်လာသည့် မိဘပြည်သူအား ဝန်ဆောင်မှုကောင်းကောင်းပေးရန်သာလိုပါတယ်။ ယခုလို ကိုးမိနစ် ၁၀ မိနစ်ဖြင့်သာ မှန်မှန်နှင့်မြန်မြန် အကောင်းဆုံးဝန်ဆောင်မှုပေးပါက အစိုးရဘဏ်များသည်လည်း နာမည်ကောင်း ထွက်လာမှာဖြစ်ပါတယ်။ မိမိကိုယ်တိုင် ကြုံတွေ့ရသည်ကို မယုံနိုင်သေး၍ ရုံးမှအစ်မတစ်ဦးအား ယင်းဘဏ်သို့ ငွေသွားထုတ်ယူစေရာ ၁၀ မိနစ်ဝန်းကျင်သာကြာသည်ဟုပြော၍ ပြောင်းလဲလာပြီဖြစ်သည့် ငွေစုဘဏ်(၁) အကြောင်းကို ရေးဖြစ်ခြင်းဖြစ်ပါတယ်။

ယနေ့ မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့်အတိတ်မှ အားနည်းချက်သင်ခန်းစာများကို ကဏ္ဍအလိုက် သုံးသပ်နိုင်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံကို ပြုပြင်ပြောင်းလဲလာနေပြီဖြစ်ကာ ယနေ့အခြေအနေသို့ ရောက်ရှိလာရခြင်းဖြစ်ပါတယ်။ ရှေ့ဆက်၍လည်း မိမိတို့ဝန်ထမ်းများအပိုင်းက အတိတ်မှ အားနည်းချက်များကို သုံးသပ်၍ ဝန်ထမ်းအဖွဲ့အစည်းတိုင်း၊ ဌာနတိုင်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ရာ ခေတ်စနစ်က တောင်းဆိုလာမှုနှင့်အတူ မဖြစ်မနေ တစ်ဦးချင်းမှသည် အဖွဲ့အစည်းအလိုက်၊ တစ်ဦးချင်းမှသည် ဌာနအလိုက် ပြုပြင်ပြောင်းလဲရင်း ပြည်သူတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

သို့ပါ၍ တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့၊ တစ်ဌာနချင်းအလိုက် ပြောင်းလဲလာခြင်းမှသည် အားလုံးသောလူ့ဘောင်အဖွဲ့အစည်းကြီး တိုးတက်ပြောင်းလဲလာစေရန် ဆန္ဒပြုရင်း ကိုးမိနစ်သာကြာသည့် ငွေစုဘဏ်(၁)၏ ဝန်ဆောင်မှုကို အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ။

မြန်မာ့အလင်း မှုခင်းသတင်း ၃၀-၅-၂၀၁၂

အရက်မူးပြီးစကားများရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွား

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရေကျော်အုပ်စု လယ်တီကျေးရွာအနီး ခေါင်းဆွဲချောင်းကမ်းဘေးတွင် နေထိုင်ကြသည့် ဦးစိန်ဝင်း၏ သားများဖြစ်သော ကိုပိုင်ထူး ၂၃နှစ်နှင့် ကိုရဲညွန့် ၃၃နှစ်ညီအစ်ကိုနှစ်ဦးသည် မေ ၂၆ရက် မွန်းလွဲ ၁နာရီခန့်က အရက်မူးပြီး စကားများရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ဓားခုတ်မှုတွင် အစ်ကိုဖြစ်သူ ကိုရဲညွန့်အား ညီဖြစ်သူ ကိုပိုင်ထူးက ဓားဖြင့်ခုတ်လိုက်ရာ အစ်ကိုဖြစ်သူ၏ ဦးခေါင်းနှင့် လက်တွင် ပေါက်ပြဲဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ပို့ဆောင်ကာ အတွင်းလူနာအဖြစ်တင်ထားခဲ့ရသည်။ အဆိုပါအမှုကို ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှ ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။ (၁၇၀)

ပိုးသတ်ဆေးကိုင်ပြီး လက်မဆေးဘဲ နို့ဘူးဖျော်တိုက်သည့်မိခင်ကြောင့် ကလေးသေဆုံးခဲ့ရ

မေ ၂၇ ရက် ညနေ ၅ နာရီခန့်က ဟသ်ာတမြို့နယ် တိုင်းချောင်းကျေးရွာနေ မတင်ဇာအေး ၂၂ နှစ် (ဘ-ဦးကျင်သိန်း)သည် နေအိမ်ခြံဝင်းအတွင်း ကြွက်အန္တရာယ်ကင်းစေရန် ပိုးသတ်ဆေးဖျန်းခြင်း၊ ပိုးသတ်ဆေးချခြင်းများ ပြုလုပ်နေခိုက် ပုခက်အတွင်းမှ ခုနစ်လသားအရွယ် မောင်သူရဖြိုး နို့ဆာ၍ ငိုသံကြားသဖြင့် ပိုးသတ်ဆေးဖျန်းနေရာမှ ရေးကြီးသုတ်ပျာ နေအိမ်ပေါ်တက်ကာ အမှုမဲ့ အမှတ်မဲ့ လက်မဆေးဘဲ ကလေးကို နို့ဘူးဖျော်တိုက်ထားခဲ့ရာ နို့တွင် အဆိပ်သင့်သွားသဖြင့် ဟသ်ာတဆေးရုံသို့ အရေးပေါ်တင်ပို့ကုသသော်လည်း ကလေးဖြစ်သူမှာ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ (၀၇၇)

ခဲ့ထီ၊ နှစ်လုံးထီရောင်းသူ ဖမ်းဆီးရမိ

မေ ၂၈ရက် နံနက် ၁၀နာရီ ၃၅မိနစ်က ကလေးမြို့နေ မခင်ထိုက်(ခ) မထိုက်သည် နှစ်လုံးထီ၊ သုံးလုံးထီများ ရောင်းချနေကြောင်း သတင်းအရ ကလေးခရိုင် ဒုစရိုက်နှိမ်နင်းရေးခေါင်းဆောင် ဒုတိယရဲအုပ် စိုးနောင် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မခင်ထိုက်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ နေအိမ်ညှော့ခန်းအတွင်းမှ သုံးလုံးဂဏန်းနှင့် ငွေတန်ဖိုးများရေးထားသော လယ်ဂျာစာရွက် တစ်ရွက်၊ သုံးလုံးဂဏန်းနှင့်ငွေတန်ဖိုးများရေးထားသည့် စာအုပ်တစ်အုပ်၊ နှစ်လုံးဂဏန်းများရေးထားသော စာရွက်တစ်ရွက်၊ ကာဗွန်တစ်ရွက်၊ ဘောပင်တစ်ချောင်း၊ ငွေစက္ကူမျိုးစုံကျပ် ၂၁၁၅၀တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် ကလေးရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၁၆၅)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဂျပန်နိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဂျပန်နိုင်ငံ Irie Miyake Architects & Engineers (IMA) မှ Mr. Makoto Udaka နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဂျပန်နိုင်ငံ Irie Miyake Architects & Engineers (IMA) မှ Mr. Makoto Udaka ဦးဆောင်သော အဖွဲ့ဝင်ခြောက်ဦးသည် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အာကာသသိပ္ပံ

အိတ်စ်ရေးရောင်ခြည်သုံး တယ်လီစကုပ်အာကာသယာဉ် လွှတ်တင်မည်

ပါဆာဒီနာ မေ ၃၀

အိတ်စ်ရေးရောင်ခြည်သုံး အာကာသအဝေးကြည့်မှန်ပြောင်း တပ်ဆင်ထားသည့် အာကာသလေ့လာရေးယာဉ်တစ်စင်းကို မကြာမီ လွှတ်တင်ရန်ပြင်ဆင်နေကြောင်း နာဆာမှ မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

အဆိုပါ အာကာသအဝေးကြည့်မှန်ပြောင်း တပ်ဆင်ထားသည့် အာကာသယာဉ်သည် စကြဝဠာအတွင်း ဖြစ်ပေါ်နေသော အာကာသတွင်းနက်များ (Black Holes)ကို လေ့လာသုတေသနပြုရန်အတွက် လွှတ်တင်ခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နျူကလီးယားစွမ်းအင်သုံးရောင်စဉ်ကြည့် တယ်လီစကုပ်ဖြစ်သည့် အာရေး သို့မဟုတ် နူစတားဟု အမည်ပေးထားသော ၎င်းတယ်လီစကုပ် တပ်ဆင်ထားသည့် အာကာသယာဉ်ကို အမေရိကန်နိုင်ငံ မာရှယ်ကျွန်းစုရှိ ကဝါဂျာလိန်းအက်တိုးစခန်းမှနေ၍ လွှတ်တင်မည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●



မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဝေရက် တောင်ထိပ်ပေါ်က တေးဂီတဖျော်ဖြေပွဲ စာ-၅

ကမ္ဘာကျော်အဆိုတော် ဘီယွန်ဆေး စာ-၇ ဘီအီးတီ ဂီတဆု ခြောက်ဆုဖျော်မှန်း

ကမ္ဘာ့အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ စာ ၇ ကျူးဘား၊ တောင်ကိုရီးယားတို့ နိုင်ပွဲရ

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပဲခူးမြို့၌ ဝန်ထမ်းများအားတွေ့ဆုံ
ရည်မှန်းချက်တာဝန်များ အောင်မြင်ရေး တက်ညီလက်ညီ ကြိုးပမ်းကြရန်မှာကြား

နေပြည်တော် မေ ၃၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၂၉ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဧည့်ရိပ်သာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးနှင့် ပဲခူးခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ ဝန်ကြီးဌာနသည် ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့် မိုးပွင့်စီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မိုးပွင့်အဆင့်(၂) ဆောင်ရွက်ချိန်တွင် ပြည်သူများအနေဖြင့် လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များအပေါ် နားလည်သဘောပေါက်၍ ကွဲကွဲပြားပြားသိရှိလာကြသည်ကို တွေ့ရကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းကြောင့် လုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စေခြင်းဖြစ်ကြောင်း၊ လာမည့်ဇွန် ၁ ရက်မှစ၍ နှစ်လတာကို မိုးပွင့်အဆင့်(၃)အဖြစ် သတ်မှတ်ကာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခင်အတိုင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာ အသွင်သစ်ဖြင့် ဆက်ဆံရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးတို့ကို အလေးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသည့်ခေတ်စနစ်နှင့်အညီ မိမိတို့နိုင်ငံသို့ လာရောက်လိုသည့် နိုင်ငံခြားသားများ လွယ်ကူအဆင်ပြေစွာ လာရောက်နိုင်ရေးအတွက် မိမိတို့ ဝန်ကြီးဌာနမှ ဇွန် ၁ ရက်မှ စတင်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဆိုက်ရောက်ဗီဇာ (Visa on Arrival) ထုတ်ပေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုလည်း စီမံချက်များအတိုင်း ကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများ အရည်အသွေး မြင့်မားနေစေရန် အစဉ်လေ့လာဆည်းပူးနေကြရန်နှင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုရီးယားမင်းသား ဂွန်ယိုး၊ မင်းသမီး လီမင်ဂျုန်တို့ပါဝင်သည့် Big အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ ထုတ်လွှင့်မည်

ဆိုးလ် မေ ၃၀

တောင်ကိုရီးယား ရုပ်ရှင်မင်းသား ဂွန်ယိုးသည် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ အသစ်ဖြစ်သည့် Big အမည်ရှိ ဒရာမာဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ထားရာ မကြာမီ ထုတ်လွှင့်မည်ဖြစ်ကြောင်း မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယား၌ ငါးနှစ်ကြာ စစ်မှုထမ်းခဲ့ပြီးနောက် ရုပ်ရှင်လောကသို့ ပြန်လည်ဝင်ရောက်လာသော ရုပ်ရှင်မင်းသား ဂွန်ယိုးသည် ယခု ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီမင်ဂျုန်၊ မင်းသမီး အက်စူဇီတို့နှင့်အတူ တွဲဖက်သရုပ်ဆောင်ထားသည်။

အဆိုပါ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို ကေဘီအက်စ် ရုပ်မြင်သံကြားလိုင်းမှ ဇွန် ၄ ရက်တွင် စတင်ထုတ်လွှင့်မည်ဖြစ်သည်။ အသက် ၃၂ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသား ဂွန်ယိုးသည် မေ ၃၀ ရက်က ဆိုးလ်မြို့၌ မီဒီယာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ရာတွင် မိမိသည် အနုပညာလောက၌ အောင်မြင်မှု ပြန်လည်ရရှိရန် ကြိုးစားထားကြောင်း ပြောကြားသည်။

တောင်ကိုရီးယား ရုပ်ရှင်မင်းသား ဂွန်ယိုးသည် ယခင်က လူကြိုက်များခဲ့သော Coffee Prince ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယခုအခါ ပရိသတ်နှစ်ခြိုက်အားပေးမှုရရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တစ်ဖန် တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ဆိုယွန်ဂျေးနှင့် ကင်ဂျောင်ဂျန်တို့နှင့်လည်း လာမည့်

စာမျက်နှာ ၃ ကော်လံ ၆ ▲

တောင်ကိုရီးယား ရုပ်ရှင်မင်းသား ဂွန်ယိုး၊ တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး လီမင်ဂျုန်(ဝဲစွန်)နှင့် အက်စူဇီ။